


www.burmeseclassic.com
အချစ်ဟာသ လုံးချင်းဝတ္ထုသစ်
အချစ်နတ်ဆိုး၏
တတိယမြောက်
ခံတပ်
BURMESE CLASSIC
Cartoonist And Illustrator
www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၆၁၀၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၁၉၀၅၀၈
ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချုန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးဇော်မင်းအေး (မြဲ-၀၇၁၂၅)
ဇော်ပုံနှိပ်တိုက်၊ (၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊
(၂၃)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။
ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊
ဒီဇင်ဘာလ။
အုပ်ရေ ♦ ၅၀၀ အုပ်
တန်ဖိုး ♦ ၁၀၀ ကျပ်
ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ စီ-၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

www.burmeseclassic.com

www.burmeseclassic.com





ပျားရည်စစ်စစ်နဲ့ မျက်နှာသစ်ထားတဲ့ ထောင်ချောက်

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ
လရောင်လို လက်နဲ့ဆုပ်ဖမ်းလို့မရလည်း
ငါ့ရင်ဘတ်ထဲမှာတော့ သူ့ကိုယ်ငွေ့လေးက
နွေးထွေး နူးညံ့ပွေးပြလို့....
ငါ့ရင်ဘတ်ကို မီးခတ်ကြည့်လိုက်စမ်းပါ
လွတ်းဆွတ်မှုတွေက တောမီးလို တရဲရဲ
အသည်းကွဲရာသီကတော့
ပြာကျတာတောင် နောင်တမရချင်ဘူး
'ချစ်တယ်'
'သိပ်ချစ်တယ်'
ဘယ်အချိန် ဘယ်နှစ်ခါမေးမေး
ဝင်လေထွက်လေလေးနဲ့ အချိန်အဆ
စိတ်တူကိုယ်မျှ နားတစ်ဖက်နဲ့
နှလုံးသားအိပ်တန်းတက်ချိန်နောက်မကျဖူးခဲ့
'ချစ်တယ်'
ဆာလောင်မွတ်တော်စွာ ချစ်ခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com

ငါ့ကိုယ်ငါ ပြန်မမေးခင်
နင့်ကို ငြိတွယ်ညွတ်ခနေတဲ့သံယောဇဉ်က
ငါ့ရင်မှာ ရုံတင်ပြမယ့်ရုပ်ရှင်ကားဖြစ်တယ်
'ချစ်တယ်'
စွဲစွဲလန်းလန်းကြီးချစ်ခဲ့တယ်
ဘယ်လိုမှ ငြင်းလို့မရတဲ့ ငါ့နှလုံးသားထွက်ဆိုချက်
အိပ်မက်သီးကင်းနုတွေအရမ်းကြွေတာပဲ
'ချစ်တယ်'
တရှိုက်မက်မက်ချစ်ခဲ့တယ်
ဘယ်ဥပမာဘယ်လိုပေးပေး
အဝေးဆုံးကဖြတ်လာရတဲ့'မြစ်'ဟာ
ငါ...ပါ...
'ချစ်တယ်...'
ရူးသွပ်တဲ့ထိ ချစ်ခဲ့ပါတယ်
ဘယ်လောက်ထိ ပေါက်ပေါက်ရှာရှာချစ်ခဲ့ရလဲသိလား
နင့်လက်မောင်းသားပေါ်က
ကျောက်ဆေးထိုးထားတဲ့အမာရွတ်လေးထိ
သတိတရနဲ့ ချစ်ခဲ့ပါတယ်

www.burmeseclassic.com

www.burmeseclassic.com

ဒီထက်ပိုပြီးပြောရရင်
နင့်ကို ငါချစ်တာ
ငါ့ကိုယ်ငါချစ်တာ မဟုတ်ဘူး
အဲဒီစိတ်ကူးတွေပီးစိမ်းမပြခင်ဘဲ
ငါ့အချစ်ဝိညာဉ်က အရှင်လတ်လတ်နဲ့
နင့်ထောင်ချောက်မှာ ညပ်မိနေတဲ့ ကြွက်တစ်ကောင်ဖြစ်ခဲ့ပါ့…

www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်အဖွင့်

ကြယ်စင်ဖြူး…

နှင့်အိပ်မက်တွေက ဂစ်ခုပြီးတစ်ခု ငါ့နှလုံးသားလေးထဲမှာ အချစ်ရွာဆောက်တည်ပေးခဲ့ဘူးပြီ။

(က) အိပ်မက်ကပြောတယ်…
'အချစ်ဆိုတာ ရောင်းတမ်းဝင်ပစ္စည်းတစ်ခုပဲ' တဲ့။

(ခ) အိပ်မက်ကပြောတယ်…
'အချစ်ဆိုတာ အလျော်ပြန်ပေးလို့မရဘူး' တဲ့။

(ဂ) အိပ်မက်ကပြောတယ်…
'အချစ်ဆိုတာ သိုးရေခြုံထားတဲ့ဖက်ရှင်မယ်လေး ဖြစ်တယ်' တဲ့။

(ဃ) အိပ်မက်တစ်ခုကလည်း ပြောတယ်…
'အချစ်ဆိုတာ ကံစိတ်ဥတု အာဟာရဖြစ်တယ်' တဲ့။



www.burmeseclassic.com

www.burmeseclassic.com



(င) အိပ်မက်ကပြောတယ်…

'အချစ်ဆိုတာ ဥတုသုံးပါးခံတဲ့ ယမ်းမီးခြစ်တစ်လုံး ဖြစ်တယ်' တဲ့။

(စ) အိပ်မက်ကလည်း ပြောပြန်ပါတယ်။

'အချစ်ဆိုတာ အရင်းထက် အတိုးကပိုများတယ်' တဲ့။

(ဆ) နောက်ဆုံးအိပ်မက်တစ်ခုက ပြောတယ်။

'အချစ်ဆိုတာ ကြောင်မလေးနဲ့တူတယ်' တဲ့။

အိပ်မက်လေးတွေရဲ့ အချစ်သင်ရိုးညွှန်းတမ်းတွေကို လှော်ခတ်ရင်း ငါ့စိတ်ကူးတွေနဲ့ ခဏခဏခိုးနမ်းနေရတဲ့ ကမ်းခြေကို အလွမ်းလှေလေး ဆိုက်ကပ်ခဲ့မိတယ်။

ကမ်းခြေလေးရဲ့အမည်က ကြယ်စင်ပြုံးတဲ့။

သူ့မျက်လုံးလေးက ဟယ်ရီကြယ်တံခွန်လို စိမ်းမြတောက်ပ လင်းလက်တယ်။

သူ့အပြုံးက စွန်ပလွန်သီးလို ချိုမြတယ်။

သူ့မျက်ခုံးမွေးလေးက ကမ်းခြေမှာ ဝဲပျံနေတဲ့ ဖင်ယော်ရဲ့ တောင်ပံနဲ့တူတယ်။

သူ့စကားသံလေးက တယောလေးနဲ့တူတယ်။

သူ့အမူအရာအားလုံးက အညှို့အားပြင်းပြင်းနဲ့ အရေခွံလဲထား တဲ့ မြွေတစ်ကောင်နဲ့တူတယ်။

သူ့အလှတရားအားလုံးက ကမ္ဘာဦးကတည်းက ရှုံ့ပြည့်ခဲ့တဲ့ ရုပ်ရှင်ကားဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့အချစ်ရဲ့ မွေးနေ့ပွဲတစ်ခုမှာ ရင်ခုန်ဗုံသံတွေကို တီးခတ်ပြီး နင်က အလှန်တရာလှပတဲ့ နတ်သမီးတစ်ပါးလို နွဲ့ယိမ်းကပြဖျော်ဖြေသူလည်းဖြစ်တယ်။

ငါ့ရဲ့ ပျိုးလက်စ နှလုံးသားကတော့ ချစ်ခြင်းတရားကြီးမားစွာနဲ့ ပန်သူမဲ့ပန်းတစ်ပွင့်ပဲဖြစ်တယ်။

ကြယ်စင်ပြုံး နင့်နာမည်လေးက ကဗျာဆန်တယ်။

နင့်နှလုံးသားကတော့ မာယာအတတ်ပညာတွေကို မှတ်ပုံတင်ထားပြီးသား။

ငါက နင့်အချစ်တွေကို ရွှေကျင်သလို ကျင်ယူဖို့ ကြံစည်တယ်။

နင်က ငါ့အချစ်တွေကို ခြင်းကြားကြီးနဲ့ ခပ်ယူချင်တယ်။ ငါ့အချစ်က နင့်လက်ခုတ်ထဲကရေပါ။ ခြေဆေးပစ်လိုက်ပြီလား ကြယ်စင်ပြုံး။

ငါ့နှလုံးသား ပိန်းကြာရွက်ပေါ်မှာ နင့်အချစ်ရေစက် တစ်စက်လေးတောင် ယောင်လို့မေ့မကျန်ရစ်ခဲ့တော့ပါလား။ ငါ့နှလုံးသားထဲက ခံစားမှုအချစ်စိတ်ကူးတွေအားလုံးကို သွန်မှောက်ပစ်လိုက်မိတယ် ကြယ်စင်ပြုံး။

အပွင့်ဖိုနဲ့ အပွင့်မတို့ ဝတ်မှုန်ကူးပွဲတော်ကျင်းပကြရအောင် အချစ်ဆီဆမ်းရွှေလင်ပန်းနဲ့ ပေးလှည့်ပါဦး ကြယ်စင်ပြုံး။

ကြယ်စင်ပြုံး...

နင်ဟာ ငါ့အချစ်ပိရမစ်တွက်အုတ်တစ်ချပ်သဲတစ်ပွင့်ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်ပြုံး… နင်ဟာ ငါ့အချစ်ရောဝတီမြစ်ဖျားခံရာလည်း ဖြစ်တယ်။

ကြယ်စင်ပြုံး… နင့်ဟာ ငါ့အချစ်သင်ခန်းစာအတွက် မာတိကာလည်း ဖြစ်တယ်။

ကြယ်စင်ပြုံး… နင်ဟာ ငါ့အချစ် နတ်ဆိုးအတွက် ဂါထာ တစ်ပုဒ်လည်းဖြစ်တယ်။

ကြယ်စင်ပြုံး… နင်ဟာ ငါ့အချစ်အိပ်မက်တွက် လပြည့်ည တစ်ညလည်းဖြစ်တယ်။

ကြယ်စင်ပြုံး… နင်ဟာ ငါ့အချစ်မျှော်လင့်ချက်တွက် ကွက် ကြားမိုးလည်းဖြစ်တယ်။

ကြယ်စင်ပြုံး… နင်ဟာ ငါ့အချစ်ကိုတပ်ဆင်ဖို့တွက် ဝက်အူ ရစ်တစ်ချောင်းလည်းဖြစ်တယ်။

ကြယ်စင်ပြုံး… နင်ဟာ ငါ့အချစ် ကျန်းမာရေးအတွက် ဗီတာမင်လည်းဖြစ်တယ်။

ကြယ်စင်ပြုံး… နင်ဟာ ငါ့အချစ် ကမ္ဘာကြီးအတွက် ငြိမ်း ချမ်းရေးလည်းဖြစ်တယ်။

ကြယ်စင်ပြုံး… နင်ဟာ ငါ့အချစ်ကံကြမ္မာအတွက် မြက်တစ် မျှင်လည်းဖြစ်တယ်။

ကြယ်စင်ပြုံး… နင်ဟာ ငါ့အချစ်သတင်းအတွက် ရေဒီယို လည်းဖြစ်တယ်။

ကြယ်စင်ပြုံး… နင်ဟာ ငါ့အချစ်ရာသီအတွက် ပွင့်လာမယ့်

www.burmeseclassic.com



ပန်းတစ်ပွင့်လည်းဖြစ်တယ်။

ကြွယ်စင်ပြုံး… နင်ဟာ ငါ့အချစ်ဦးနှောက်အတွက် ချွန်စက်တစ်ခုလည်းဖြစ်တယ်။

ကြွယ်စင်ပြုံး… နင်ဟာ ငါ့အချစ်သံစဉ်အတွက် ဂစ်တာတစ်လက်လည်းဖြစ်တယ်။

ကြွယ်စင်ပြုံး… နင်ဟာ ငါ့အချစ်မနက်ဖြန်အတွက် ပြက္ခဒိန်တစ်ခုလည်းဖြစ်တယ်။

ကြွယ်စင်ပြုံး… နင်ဟာ ငါ့အချစ်ဆာလောင်မှုအတွက် ညနေစာလည်းဖြစ်တယ်။

ကြွယ်စင်ပြုံး… နင်ဟာ ငါ့အချစ်တည်နေရာအတွက် နယ်နိမိတ်လည်းဖြစ်တယ်။

နင်ဟာ ငါ့အတွက် ဖြစ်တယ်။

ငါ့အချစ်စကားလုံးတွေနဲ့ ဖွဲ့စည်းထားတဲ့ လွမ်းဖို့မကျန်တော့တဲ့ ဓာတ်လမ်းတစ်ပုဒ်လည်းဖြစ်တယ်။

ငါ့အချစ်က ဗြဟ္မာကြီးဦးခေါင်းပါ ကြွယ်စင်ပြုံး။ မြေကြီးပေါ် ပစ်ချလိုက်ရင်လည်း ပြာကျသွားနိုင်တယ်။ သမုဒ္ဒရာထဲ ပစ်ချလိုက်ရင်လည်း ခမ်းခြောက်သွားနိုင်တယ်။

ဒီတော့ နင့်နှလုံးသားနဲ့ ငဲ့ညှာကြင်နာစွာ ကိုင်တွယ်ပွေ့ဖက်ထားပါ ကြွယ်စင်ပြုံး။ သူများတွေ ချစ်တာက စကားလုံးတွေနဲ့ချစ်တာပါ။ ငါချစ်တာက အသည်းနှလုံးနဲ့ချစ်တာ။ ရည်းစားစာရေးရတာ မုန်းတယ်။ အခုချိန်ထိတော့ ငါက ငါ့အချစ်ကိုယ်ပြကုန်းပိုးပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားနေရတဲ့ တွားသွားသတ္တဝါတစ်ကောင်ပါ ကြယ်စင်ပြုံး။

ငါ့ရင်ဘတ်ကို ခွဲကြည့်လိုက်စမ်းပါ။ ငါ့နှလုံးသားနံရံထူထူမှာ ကြယ်စင်ပြုံးရုပ်ပုံတူ ပန်းချီကားတစ်ချပ်ရှိတယ်။ နင့်ရဲ့နှုတ်ခမ်းပြည့်ပြည့်ပျော့အိနေတဲ့ ဆံပင်ရှည်ရှည်အိပ်မက်နဲ့ ကြိုးဆွဲချသေသွားရတဲ့ ပန်းတစ်ပွင့်က ငါပဲဖြစ်တယ် ကြယ်စင်ပြုံး။

ဖါက ချစ်ရတာကို ပျော်တယ်။ မုန်းရတာကို အပျင်းထူတယ် ကြယ်စင်ပြုံး။ အရက်နာကျနေတဲ့ ငါ့အိပ်မက်တွေအတွက် မျှော်လင့်ချက်တွေကို မော့သောက်နေမိတယ်။ ပြီးတော့ ငါ့နှလုံးသားမြို့ရိုးပေါ်ကို ထိုးအန်ချပစ်လိုက်မိတယ်။

'ချစ်တယ်'… ကြယ်စင်ပြုံးကို ချစ်တယ်။ သိပ်ချစ်တယ်…။

ငါ့အချစ်တွေ ရေစီးသန်ခဲ့ပြီ။ ငါက ငါ့အချစ်စိတ်အတွက် နာကျင်မှုတွေကို အသင့်ဝတ်ဆင်ထားတယ်။ ငါ့ဆီပျံသန်းလာမယ့် နင့်ရဲ့ကြင်နာမှုတွေက လမ်းခုလပ်မှာ တောင်ပံကျိုးနေတုန်း။ ငါ့စာနာမှုတွေက ရင်ခန်းလုံးပြည့်။ မျက်ရည်တွေ နင့်ရဲ့မစာနာမှုတွေက တစ်တောလုံးစိမ်းလို့။


ဒါပေမဲ့ လက်ပံပွင့်တွေ ဖူးပွင့်တဲ့ရာသီကို ခုချိန်ထိ ငါမရိတ်သိမ်းနိုင်သေးပါဘူး။ ငါ့မျက်ဝန်းတွေက ချစ်မိုးကြီး သီးချင်းဆိုရင်း စံပယ်ပန်းတွေပွင့်လို့။ ခြေရာလက်ရာမပျက် အဲဒီအလွမ်းမှာပဲ တိုးတိုးတိတ်တိတ်နဲ့ ငါ့အချစ်စိတ်တွေ မှိုင်းမိနေခဲ့ရတာ ကြာပြီ ကြယ်စင်ပြုံး။

ကြာခဲ့ပြီ ကြယ်စင်ပြုံး…။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## အိပ်မက်ဆိပ်ကမ်း

ကမ္ဘာဦးကတည်းကအချစ်မှာ
ငါ့နှလုံးသားကမြစ်ဖျားခံခဲ့တယ်
ရေစီးသန့်ပုံကလည်း အလွမ်းသား
နှင့်မျက်ဝန်းစကားလုံးတွေရှိရာအရပ်မှာ
ငါ့လွမ်းဆွတ်မှုတွေက ရင်လုံးညွတ်ပွင့်လို့
နှင့်ထိကရုန်း မပွင့်တပွင့်အပြုံးမှာ
ငါ့နှလုံးသားမျှော်လင့်မှုက ရွက်လွှင့်လို့
နှင့်ခြေသံတောင်ပံခတ်သံလေးမှာ
ငါ့သံယောဇဉ်တွေကတဖွဲဖွဲရွာလို့
နှင့်အရိပ် အရောင် ရနံ့တွေထဲမှာ
ငါ့ခံစားမှုအာရုံက အနယ်ထိုင်လို့

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့
နှင်းကိုငါလိုက်ရှာခဲ့တဲ့ညထဲမှာ
ငါမက်ခွင့်ရတဲ့အိပ်မက်က
ငါ့အချစ်အတွက် ခြေချစရာဆိပ်ကမ်းမရှိတော့ဘူး
ဒါနဲ့ပဲ
ငါ့စိတ်ကူးတွေကိုထွန်ယက်ရင်း
ငါ့အချစ်တွေအိပ်မက်နဲ့ဝင်းမှည့်နေခဲ့
ဒါပေမဲ့ ဆောင်း မိုး နွေ
တစ်ခါမှ ကြွေမကျနိုင်သေးဘူး...

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ဟောဒီလို…

လှပသာယာတဲ့ ရွှေဦးပေါက်ရဲ့ နေ့လယ်ခင်းမှာ ငါ့အချစ်ကို ငါ ပြန်ရှာတွေ့ဖို့အတွက် ရင်ဘတ်ထဲကို ခပ်နက်နက်တူးပြီး နှလုံးသားနဲ့အနီးကပ်ဆုံးနေရာမှာ သိမ်းထားဝှက်ထားမိတဲ့ နှုတ်ခမ်းနီရဲရဲနဲ့ ကြယ်စင်ပြုံးအကြောင်းကို ပထမဆုံးစာမျက်နှာအဖြစ်နဲ့ အဆုံးသတ်လိုက်ပါတယ်။

ဒါပေမဲ့ ကြယ်စင်ပြုံးရဲ့ အချစ်က သမုဒ္ဒသီဂီအဖြစ်နဲ့ လူဝင်စားပြန်ဖြစ်လာတဲ့အတွက် ငါ့အချစ်ကလည်း တာနောယက္ခအဖြစ်နဲ့ ဒုတိယစာမျက်နှာကို နံပါတ်စဉ်တပ်ခွင့်ရလိုက်ပြန်ပါတယ်။

၁။ ဖျားယောင်းမှုတွေနဲ့ ကန့်မီးလို ယိမ်းနွဲ့တောက်ပနေတဲ့ ကြယ်စင်ပြုံးရဲ့အချစ်ကို ရရှိသိမ်းပိုက်ဖို့အတွက် ငါ့အချစ်က ပိုးဖလံတစ်ကောင်အဖြစ်နဲ့ မြူးတူးကခုန်နေတယ်။

၂။ ညှို့ငင်ဆွဲဆောင်နိုင်မှုစွမ်းအားတွေကို စာတန်းထိုးပြထားတဲ့ ကြယ်စင်ပြုံးရဲ့အချစ်ရုပ်ပုံလွှာကို ထုလုပ်အသက်သွင်းထားဖို့အတွက်လည်း ငါ့အချစ်က အာဒံရဲ့နောက်ဆက်တွဲ နံရိုးတစ်ချောင်းအဖြစ်နဲ့ အကောင်းဆုံး သာယာအူမြူးနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



၃။ နေရောင်ခြည်နုနုလေးလို လတ်ဆတ်နေတဲ့ ကြယ်စင်ပြုံးရဲ့ အချစ်အလင်းတန်းမှာ အနမ်းခံခိုလှုံနွေးထွေးခွင့်ရဖို့အတွက်င်လည်း ငါ့အချစ်ကနေကြာပန်းတစ်ပွင့်လို မနက်ခင်းလေးတစ်ခုမှာ မွှော်လင့်မှုများစွာနဲ့ တိုးတိုးတိတ်တိတ် နိုးထပွင့်လာခဲ့ရတယ်။

၄။ သစ်စိမ်းချိုး ချိုးတတ်ခြင်း အတတ်ပညာရှိတဲ့ ကြယ်စင်ပြုံးရဲ့အချစ်နဲ့နီးကပ်စွာ နေထိုင်ခွင့်ရဖို့အတွက်လည်း ငါ့အချစ်ကနာကျင်နည်းပေါင်းများစွာကို မသိတတ်တဲ့သစ်ပင်တစ်ပင်ကိုအမှတ်တရစိုက်ပျိုးခဲ့မိတယ်။

၅။ ဖက်ဖူးရောင်ဝတ်စုံကို တစ်ကိုယ်လုံးဝတ်ဆင်ထားတဲ့ ကြယ်စင်ပြုံးရဲ့ အချစ်ပိန်းကြာရွက်ပေါ်မှာ အိပ်မက်တွေနဲ့အတူတူ အိပ်စက်ဖို့အတွက်လည်း ငါ့အချစ်ဟာ အောက်မေ့ခြင်း၊ တမ်းတခြင်း၊ လွမ်းဆွတ်ခြင်း မျက်ရည်တစ်စက်အဖြစ်နဲ့ အစိမ်းသေသေခဲ့ရတယ်။

၆။ ငိုရင်ရွဲ ရယ်ရင်ပုလဲ ဖြစ်ရမယ်ဆိုတဲ့ ကြယ်စင်ပြုံးရဲ့ အချစ်ကြေညာချက်ခေါင်းစဉ်အောက်မှာ ငါ့အချစ်က အလုံးမလိုတဲ့ ပစ်ဖဲတစ်ချပ်ဖြစ်ခဲ့ရတယ်။

၇။ စိမ်းမြလဲ့လရောင်ကို စမ်းချောင်းလေးထဲမှာ ကြယ်စင်ပြုံးရဲ့ အချစ်ရေချိုးဆင်းကစားဖို့အတွက်လည်း ငါ့အချစ်နှလုံးသွေးက ရေအလျဉ်အဖြစ်နဲ့ စိမ့်ထွက်ကာ စမ်းချောင်းလေးထဲကို တသွင်သွင်စီးဆင်းခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



က… ပိုးဖလံ

ခ… အာဒံရဲ့နံရိုးတစ်ချောင်း

ဂ… နေကြာပန်းတစ်ပွင့်

ဃ… နာကျင်နည်းမသိတတ်တဲ့သစ်ပင်ကစ်ပင်

င… အစိမ်းသေ မျက်ရည်တစ်စက်

စ… အသုံးမလိုတဲ့ ပစ်ဖဲတစ်ချက်

ဆ… စိမ့်ထွက်နေတဲ့ရေအလျှဉ်

အဲဒီ ဒြပ်ပေါင်းစုတွေက ငါ့အတွက် ပေးဆပ်ခြင်းအချစ် အဖြစ် ဘုရားသခင်က ဖန်ဆင်းပေးသနားတော်မူခဲ့တယ်။

က… ကန့်မီးတောက်

ခ… အချစ်ရုပ်ထုပုံ

ဂ… စိမ်းမြလဲ့လရောင်

ဃ… သစ်စိမ်းချိုးအတတ်ပညာ

င… ဖက်ဖူးရောင်ပိန်းကြာရွက်

စ… နေရောင်ခြည်နုနု

ဆ… ကြေညာချက်

အဲဒီဒြပ်ပေါင်းစုတွေက ကြယ်စင်ပြုံးအတွက် ရယူခြင်းအချစ် အဖြစ် ဘုရားသခင်က ဖန်ဆင်းပေးတော်မူခဲ့တယ်။

ဘုရားသခင် ဖန်ဆင်းပေးတော်မူခဲ့တဲ့ အချစ်နဲ့ ငါ့နှလုံးသား အတွက် ခြေချစရာ မြေနေရာတစ်ခုကို ရှာဖွေခဲ့တယ်။

ကြယ်စင်ပြုံးကလည်း ဘုရားသခင်ဖန်ဆင်းပေးတော်မူခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ရယူခြင်းအချစ်နဲ့ သူ့နှလုံးသားအတွက် မှီတွယ်တက်စရာ လှေကား တစ်ခုကို ဖွေရှာနေခဲ့တယ်။

အဲဒီနေ့တွေကတော့ ဟောဒီလို ကြေကွဲမှု ဝမ်းနည်းမှု ကံဆိုးမှု ရယ်ရွှင်မှုတွေနဲ့ ပြုံးပြနေတဲ့ နေ့တွေပါပဲလေ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# တစ်. . .

ကြယ်စင်ပြုံး...

လူတွေမှာ အောင့်အည်းမထားနိုင်တဲ့အရာကိစ္စ သုံးမျိုးရှိတယ်။ ဘာတွေလဲဆိုတော့

၁။ ချစ်ခြင်းကိစ္စ

၂။ ချောင်းဆိုးခြင်းကိစ္စ

၃။ လေလည်ခြင်း (အီအီးပေါက်ခြင်း)

အဲဒီကိစ္စ(၃)မျိုးစလုံးက နှင်းနဲ့ငါ့အတွက် အခါခပ်သိမ်း အမှတ်တရဖြစ်စေခဲ့တဲ့ အကြောင်းကို ပြောရဦးမယ်။ ဥပမာ လေလည်ခြင်း (အီအီးပေါက်ခြင်း) ကိစ္စ၊ အဲဒီကိစ္စကို ပထမဆုံး ငါဘယ်လိုပြောရလေဆိုတော့

'အင်း... သိပြီ... သိပြီ၊ ပြောရရင် ရယ်စရာတော့ တကယ့်ရယ်စရာကြီးပေါ့'

စိတ်ဝင်စားစရာကောင်းလောက်အောင်လည်း နှင်းလှုကာ ဖီးသိမ်းပြီးထောင်ချောက်တွေ တပ်ဆင်ထားတာကိုး။ နှင်းကို ငါက ပထမ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကတည်းက စိတ်ဝင်စားနေတယ်။ ဒါနဲ့ အဲဒီစိတ်ဝင်စားမှု ခံစားမှုကြီးက ရင်ဘတ်ထဲတစ်ခုလုံး ပြည့်လျှံမောက်နေလို့ အန်ထုတ်ပစ်ဖို့ ကြိုးစားလိုက်မိတိုင်း…

နင်တို့အုပ်စုရဲ့ မသကာ်တဲ့သံသယမျက်လုံးအကြည့်တွေမှာ ခဏခဏ ငါက လှည်းတန်းမီးပွိုင့်မိခဲ့ရတယ် ကြယ်စင်ပြုံး။ ဒီနေ့လည်း နင့်ရဲ့သံယောဇဉ်ကြီးလေးနဲ့ တုပ်ချည်နှောင်ခံထားရတဲ့သတ္တဝါ တစ်ကောင်လို နင်တို့အုပ်စုနောက် ခပ်ကြောင်ကြောင်နဲ့ လိုက်လာခဲ့ပြန်တယ်။ နင်တို့အုပ်စုက နောက်ကလိုက်လာတဲ့ ငါ့ကို လှည့်ပြန်လှည့်ကြည့်လိုက်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် တွန်းထိုးကာ ဘာတွေပြောပြီး ဘာတွေရယ်ကြမှန်းမသိ။ ငါ့စိတ်ထဲကတော့ မလုံမလဲနဲ့မို့ ရှက်စိတ်မွှန်ကာ ခေါင်းကို အောက်စိုက်ချထားလိုက်မိတယ်။

ငါဘာဆက်လုပ်ရမလဲ တွေးရင်း နင်တို့အုပ်စုရဲ့အကြည့်နဲ့ ရယ်သံတွေကြားမှာ ငါ့စိတ်တွေ ချောက်ချားလာမိတယ်။ အားငယ်လာမိတယ်။ ဝမ်းနည်းလာမိတယ်။ ငါ့အချစ်စိတ်ကူးတွေကလည်း ဒီလိုပဲ ကံဆိုးမှုတွေနဲ့ နှလုံးသားထဲမှာ မြုံနေခဲ့ရတယ်။

နင် ငါ့ကိုချစ်လာအောင် ဘယ်လိုလုပ်ရမလဲ ကြယ်စင်ပြုံး။ ငါကလည်း နင်ချစ်လာအောင် ဘယ်လိုလုပ်ရမလဲ။ ငါ့အချစ်ကတော့ ဘယ်လိုနည်းနဲ့မှ လက်နက်မချနိုင်ဘူး မချစ်ဘဲမနေနိုင်တော့ဘူး ကြယ်စင်ပြုံး။

နင်နဲ့ပတ်သက်ပြီး ပူပူနွေးနွေးကြီး ရင်ခုန်မှု ခံစားရရှုစိုက်မှုတွေက နှလုံးသားထဲရှိ သွေးကြောတွေထဲမှာ နှံ့ပျံ့ခဲ့ပြီ။ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မဲ့ ငါ့ကိုကြည့်လိုက်၊ ရယ်လိုက်၊ မောလိုက်လုပ်နေကြတဲ့ နင်တို့အုပ်စု နှိပ်စက်မှုအောက်က ခြေရာဖျောက်ဖို့ ကြံစည်တွေးတောပြီး နင်တို့ အုပ်စုကို ကျော်အတက် ကြောက်ရွံ့အားငယ်စိတ်နဲ့အတူ မထင်မှတ်ဘဲ တောင်နှစ်လုံးကြားက လေသိုင်းကသံက နင်တို့ရှေ့မှာ ဘယ်လိုမှ လုံခြုံအောင် အောင့်အည်းမထားနိုင်ဘဲ ပေါက်ကွဲထွက်သွားတော့တယ်။

'ဘူ… ဘူ… ဘူ…'

'ဟင်'

'ဟာ'

'ဘယ်လိုဖြစ်တာလဲ၊ ဟွန်းသံမပေးဘဲနဲ့လည်း ကျော်တက်လို့ ရပါတယ် ခစ်… ခစ်… ခစ်…'

ကြယ်စင်ပြုံး နင်တို့အုပ်စုက ငါ့အဖြစ်ကို ကြည့်ပြီး လှောင်ကာ ပြောကာနဲ့ အားမနာတမ်း အားရပါးရရယ်ကြတယ်။

အောင့်အည်းကာ လုံခြုံအောင်မထားနိုင်တဲ့ ငါ့လေလည်သံ (အီအီးပေါက်သံ)ကို ပြန်တွေးမိရင် ရှက်စိတ်က အသိအာရုံထဲက ခုန်ပေါက်ထွက်လာတယ်။

'သွားပြီ၊ ငါတော့ ဟက်တက်ကို အရှက်ကွဲတာပဲ၊ ငါချစ်နေတဲ့ ချစ်သူတစ်ယောက်ရှေ့မှာ ငါ့အပြုအမူတွေက ရှက်စရာ ရယ်စရာကောင်းလှပါလား'

တွေးပြီး ပူထူနေတဲ့ ငါ့မျက်နှာကို ဘယ်နေရာသွားပြီး ဖွက်ထားရမလဲ။ အဲဒီလို ငါ့မျက်နှာကို ထားစရာဖွေရှာနေတုန်းမှာပဲ။ သောသောလတ်လတ် နင်ပြောလိုက်တဲ့စကားလုံးတွေက ရှက်ရွံ့နေတဲ့ ငါ့




www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ဖျက်ခနဲ ရုတ်တရက် ဖြတ်ရိုက်လိုက်တယ်။

**'ဟွန်းသံမဲ့ရုံ'**



ဒီတော့မှ သတိပေးစာတန်းကိုကြည့်ရင်း နှင့်ရဲ့လှောင်ရယ် စကားကို ငါနားလည် အဓိပ္ပာယ်ပေါက်သွားပြီး သဘောကျနေမိ တော့တယ်။

အဲဒီလို ငါ့အချစ်က နှင်နဲ့ပတ်သက်ရင် ရယ်စရာ ရှက်ရွံ့ စရာတွေနဲ့ စတင်ခဲ့ရတာ အမှန်ပဲ ကြယ်စင်ပြုံး…။

အမှန်ကတော့ အခြေအနေပေးရင် ရင်ဖွင့်ပြဖို့ ကြိုးစားခဲ့တာ ပါ။ အခုတော့ ရင်ဖွင့်မပြနိုင်သေးခင် မဟုတ်တဲ့ နေရာက ပွင့်ထွက် သွားတော့ ရှက်ရှက်နဲ့ လစ်ပြေးခဲ့ရတာပေါ့။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

နှစ်. . .

အတန်းတက်တဲ့နေ့မှာ အဲဒီအကြောင်းကို ကျောင်းရောက်တော့ လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း သူငယ်ချင်းတွေကို ပြန်ပြောပြမိတယ် ကြယ်စင်ပြုံး။ ဒီတော့ သူငယ်ချင်းတွေက ငါ့ကို အားရပါးရ ဝိုင်းဟားကြတာပေါ့။

'မင်းကလည်းကွာ၊ ဟွန်းသံမဲ့ဖုံမှာတောင်မှ အောင့်အည်းမထားနိုင်တော့ဘူးလား'

'ဟုတ်ပါရဲ့၊ မင်းဖြစ်ပုံကလည်း ပြောလည်းပြောချင်စရာ ဟား... ဟား... ဟား'

ငါကတော့ ရှက်ကိုးရှက်ကန်းနဲ့ ဒီကောင်တွေဝိုင်းဟားသမျှ ပြောသမျှတွေကို ခေါင်းငုံ့ခံနေရတာပေါ့။

'ဒါနဲ့ပဲ မင်းရဲ့အချစ်တိုက်စစ်က ဗုံးတစ်လုံးတည်းနဲ့ ရှုံးသွားရောလား'

စိန်တိုး၊ အောင်ကျော်မိုး၊ မြင့်အောင်တို့က သတ္တဝါတစ်ကောင်လို သနားသလို ကြည့်ရင်းမေးတယ် ကြယ်စင်ပြုံး။



www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ မသိသေးဘူး'

ပြောလိုက်တဲ့အတိုင်းလဲ နင်နဲ့ပတ်သက်ပြီး ငါ့ရင်ထဲက စိတ်ခံစားမှု၊ မျှော်လင့်မှုတွေက ဖရိုဖရဲနဲ့ စိတ်ဓာတ်ကျသလိုလို ဖြစ်နေမိတယ်။

'မသိသေးရင်လည်း သိအောင်ဆက်ပြီး ဟွန်းသံပေးလိုက်ဦးလေကွာ ဟား… ဟား… ဟား'

စိန်တိုးက ရယ်ရင်းနောက်ပြောတယ်။

'ငါဆိုရင်တော့ ရှက်ပြီး တစ်သက်လုံးမျက်နှာပြရဲတော့မှာမဟုတ်ဘူး'

အောင်ကျော်မိုးက မျက်နှာကို လက်ဖဝါးနှစ်ဖက်နဲ့အုပ်ပြကာ ပြောတယ်။

'ကြိုက်မရှက်၊ ဝတ်မရှက်၊ ငိုက်မရှက်တဲ့၊ ဟော့ကောင်ညဉ့်ဦးယံ ဘာမှစိတ်ဓာတ်မကျနဲ့၊ ဆက်လုပ်၊ ဒီမှာ ငါပြောမယ်၊ ‹ဥစ္စာလိုအသက်စွန့်ရတယ်၊ ပညာလို အမျက်ကိုစွန့်ရတယ်၊ အိမ်ထောင်လိုက အရှက်ကိုစွန့်ရမယ်၊› အဲဒါပဲမှတ်ထား'

မြင့်အောင်က ခပ်တည်တည်နဲ့ ပင့်မြှောက်အားပေးတယ်။ ငါကတော့ ဘာမှပြန်မပြောနိုင်သေးဘူး။ ငါ့ကိုအထင်သေးပြီး နင့်ကိုလက်လွှတ်ဆုံးရှုံးခံရမှာကိုပဲ အကြီးမားဆုံး ဒုက္ခတစ်ခုလို ခံစားနေရတယ် ကြယ်စင်ပြုံး။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

သုံး . . .

'ဟေ့ကောင်… ညဥ့်ယံဦး ဟိုမှာ ကြည့်စမ်း'

တင်ဟိန်းထွန်းက အမှတ်တမဲ့ ငါ့ပခုံးကို လက်နဲ့ပုတ်ကာ ပြောတယ်။ ငါက ရောင်စုံလိပ်ပြာလေးတစ်ကောင်လိုပဲ ပျံနေတဲ့ နင့်ရဲ့အလှကို ငေးရီကြည့်မောကာ ငူငူကြီးရပ်နေမိတယ်။

'ဒီလောက်တောင် ဘာလို့များ လှနေရတာလဲ ကြယ်စင်ပြုံး'

ငါ့နှလုံးသားနဲ့ အသိစိတ်တွေ အားလုံးက အညှို့ခံထားရတဲ့ သတ္တဝါတစ်ကောင်လိုပဲ။ တွေးမိရင်း ငါ့ရင်ထဲ တဗုန်းဗုန်း၊ တဒိုင်းဒိုင်း ခုန်လာတယ်။

'ဟေ့ကောင်… ဘာလုပ်နေတာလဲ၊ သွားလေကွာ'

တင်ဟိန်းထွန်းက ငါ့ကိုကြည့်ရင်း အားမလိုအားမရနဲ့ ပြောတာ ပခုံးစွန်းကို လက်နဲ့တွန်းထိုးလိုက်တယ်။

'ဖြစ်ပါ့မလား တင်ဟိန်းထွန်း၊ ဟိုမှာ သူ့ဘော်ဒါ အဖော်တစ်ယောက်ပါသေးတယ်ကွ၊ တော်ကြာ ရှက်ရမ်းရမ်းပြီး ငါ့ကို ကိုင်ပေါက်ပစ်လိုက်လို့ ကမ္ဘာ့အပြင်ဘက်ရောက်သွားဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ငါက တွန့်ဆုတ်တွန့်ဆုတ် လုပ်နေမိတယ်။ ငါ့ [illegible] ဟာလာဟင်းလင်းကြီး ပွင့်လို့ပေါ့။

'[illegible] မင်းကလည်း ဘာတွေတွေးကြောက်နေရတာလဲ၊ ငါ တစ်ယောက်လုံးရှိတယ်၊ သွား… မကြောက်နဲ့၊ ဒီခေတ်က ချစ်ခြင်းတူရင် လက်ငင်းယူမယ့်ကောင်တွေချည်းပဲကွ၊ အကြွေးမှတ်ထားလို့ မရဘူး၊ သွား… ဒီတော့'

ငူတူတူ ခေါင်တောင်တောင်ကြီး ရပ်နေတဲ့ ငါ့ကို တင်ဟိန်းထွန်းက စိတ်မရှည်သလိုနဲ့ ပြောပြန်တယ်။ ငါ့စိတ်တွေကတော့ လမင်းရှေ့ကဖြတ်ပြေးသွားတဲ့ မိုးတိမ်လေးလို ဂဏှာမငြိမ်။ ဟိုလိုလို ဒီလိုလို။

'အင်း… ဟုတ်ပြီ၊ ဒါဆို မင်းလည်း ငါနဲ့လိုက်ခဲ့၊ အင်အားပြဖို့'

'ဟာ… အဲဒါတော့ မဖြစ်ဘူး'

ငါ့စကားဆုံးတော့ တင်ဟိန်းထွန်းက မျက်နှာကြီး မဲ့ရှုံ့ကာ ခေါင်းခါငြင်းတယ်။

'ကြောက်လို့လား၊ ဘာဖြစ်လို့လဲ'

စိတ်ထဲက မကျေနပ်သလိုနဲ့ ဒီကောင့်ကို မျက်မှောင်ကြုတ်ကြည့်ကာ ငါကမေးလိုက်တယ်။

'အင်း… ကြောက်လို့'

'သူ့ကိုလား'

နင့်ကိုမေးဆတ်ပြရင်း ငါက ပြောလိုက်တယ် ကြယ်စင်ပြုံး။



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး၊ ငါ့ချစ်သူ ပူပူနွေးနွေးလေးဖြစ်တဲ့'

'ဟို... ဟို... ပိုးဟပ်ဖြူလား'

ငါက ဒီကောင့်စကားမဆုံးခင် ဖြတ်ပြောလိုက်တယ်။ တင်ဟိန်းထွန်းက ဆတ်ခနဲခေါင်းညိတ်ပြတယ်။ ဟုတ်တယ်လေ။ ငါပြောလိုက်သလိုပဲ။ ငါတို့အနောက်ပိုင်းတက္ကသိုလ်ထဲမှာ ဒီကောင့်ကောင်မလေးက အသားအဖြူဆုံးမို့ အားလုံးက ပိုးဟပ်ဖြူလို့ ခေါ်နေကြတာပဲ မဟုတ်လား ကြယ်စင်ပြုံး။ နင်လည်း သိသားပဲ။ သူတို့အတွဲက တော်တော်လေး လိုက်ဖက်ကြတယ်။

ဒီကောင်က မည်းမည်းပိန်ပိန် ရှည်ရှည်ကြီး။ ဒီတော့ သူတို့အတွဲကိုကြည့်လိုက်ရင် ဘဲဥကို ကျီးကန်းကိုက်ချီပြေးသွားသလိုပဲ။ ရယ်ရတယ်ဟ ကြယ်စင်ပြုံး။

'ဒါမျိုး ကြောက်စရာလားကွ'

ပိုးဟပ်ဖြူကို မျက်လုံးထဲမှာ မြင်ယောင်ကြည့်ရင်း ဒီကောင့်ကို အတွန့်တက်လိုက်မိပြန်တယ်။

'ကြောက်ရတယ် ဟေ့ကောင်၊ ငါ့မှာ မူးရင်ရှူစရာဆိုလို့ ဒီရည်းစားလေးတစ်ယောက်ပဲ တိုရေရှားရေရှိတာ၊ မတော်လို့ သူက အထင်လွဲသွားပြီး ငါ့ကိုပစ်သွားရင် ဘယ်နှယ်လုပ်မလဲ၊ မင်းကြီးဒေါ် အပျိုကြီးကလည်း ဟိုင်းနေပြီ၊ ရွတ်တွနေပြီ ဟီး ဟီး'

တင်ဟိန်းထွန်းက ပြောရင်း ငါ့မျက်နှာကို ဖြစ်စပ်စပ်ကြည့်ကာ ရယ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင် ရယ်မနေနဲ့၊ ငါက အတည်ပေါက်ပြောနေတာ၊ လာ… သွားကြမယ်၊ ငါနဲ့လိုက်ခဲ့'

ဒီကောင့်လက်တစ်ဖက်ကို ဆုပ်ဖမ်းကာ ငါကပြောတယ်။ ဒီကောင်က အကြောက်အကန် ရုန်းရင်းငြင်းတယ်။

'မလုပ်ပါနဲ့ကွာ၊ ငါပြောပြီးပြီပဲ၊ ဒီမှာ ဘာမှမကြောက်နဲ့ မင်းအခြေအနေကို ငါ စောင့်ကြည့်ပေးမယ်၊ အခြေအနေ မကောင်းဘူးဆိုရင်…'

'မင်းက တစ်ချိုးတည်း ခွေးပြေး ပြေးတော့မှာမဟုတ်လား'

ဒီကောင်ပြောမယ့်စကားကို ငါက ဆက်ပြောလိုက်တယ်။ ဒီကောင်က သဘောကျပြီး တခွီးခွီးနဲ့ ရယ်နေတယ်။ ပြီးမှ…

'ဒီလို မဟုတ်ပါဘူးကွာ၊ မင်းတို့ ရုတ်… ရုတ်… ရုတ် ရုတ်ဖြစ်တာနဲ့ ငါက သူငယ်ချင်းကောင်းပီသစွာနဲ့ မှူခင်း ဂျာနယ်မှာ သတင်းထည့်ပေးမှာ၊ သိလား၊ ဟား… ဟား… ဟား'

'ဟော့ကောင်… နောက်မနေနဲ့'

ခပ်တည်တည်နဲ့ ဒီကောင့်မျက်နှာကို စူစူအောင့်အောင့်ကြည့် ကာ ဟောက်ပစ်လိုက်တယ်။

'ဒါဆိုလည်း သွား၊ အောင်ပါစေ၊ အောင်ပါစေ၊ သမီးရည်း စားရေးလည်း အောင်ပါစေ'

ဆိုပြီး ဒီကောင်က ရွှေမန်းဦးတင်မောင် သီချင်းဟဲကာ နောက် နေ၊ ငါ့ကို အားပေးအားမြှောက်လုပ်ပေးနေတယ် ကြယ်စင်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



•

နှင့်ကိုချစ်တဲ့စိတ်ကြောင့် ငါ့ရင်ထဲမှာ တဖြည်းဖြည်းနဲ့ လှုပနှူးညှံ့လာသလို ချစ်တဲ့စိတ်နဲ့ ထိတို့ဖို့အတွက်လည်း ငါ့လက်ချောင်းလေးတွေက တဖြည်းဖြည်းနဲ့ အေးစက်တုန်ယင်လာတယ်။ ငါ့အရိပ်အပေါ်ကို နှင့်ခြေဖဝါးတစ်ဖက်အကျမှာပဲ ငါ့နှလုံးသားထဲက စိမ့်ထွက်လာတဲ့ ခံစားမှုအချစ်သံစဉ်တွေရဲ့ ပထမဦးဆုံး အင်ထရိုက တော့…

'ကြယ်စင်ပြုံး'

တိုးတိတ်ညင်သာတဲ့ ငါ့ရဲ့ခေါ်သံကြောင့် ဖျတ်ခနဲလှည့်ကြည့်လိုက်တဲ့ နှင့်မျက်ဝန်းတစ်စုံနဲ့ ဒိုင်းခနဲ အကြည့်ချင်း ဆုံလိုက်ရတယ်။ ငါ့ရင်တွေခုန်လိုက်ပုံကတော့ အာဖရိကတိုင်းရင်းသားတွေရဲ့ ဗုံသံတွေလိုပါပဲ ကြယ်စင်ပြုံး။

'ဘာလဲ'

မျက်ခုံးကိုပင့်တင်ပြီး နှုတ်ခမ်းကို ဆွဲဆန့်ကာ နှင်က ငါ့ကိုမေးတယ်။ ဘာလဲတဲ့။ ဟုတ်တယ်။ ဘာလဲတဲ့။ ငါပြောမယ့်စကားလုံးတွေက နှင့်မျက်နှာကို မြင်လိုက်ရတော့မှပဲ ချက်ချင်း ကြက်ပျောက်ငှက်ပျောက် ရင်ထဲက ဖောက်ထွက်ပြေးကုန်ကြတယ်။

ငါ ဘာပြောရတော့မလဲ ကြယ်စင်ပြုံး။ နှင့်မျက်နှာ အလှွှာအတင်းက ငါ့စကားလုံးတွေကို အကျဉ်းချထားသလိုပဲ။

'ပြောလေ၊ ဘာလဲ'

ကျွတ်ဆတ်ဆတ်လေသံနဲ့ ပြောရင်း နှင့်မျက်စောင်းတစ်ခုက ငါ့မျက်နှာပေါ် တည့်တည့် ဖြုတ်ခနဲပြုတ်ကျလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟို… ဟိုလေ'

ပြောချင်တဲ့စကားလုံးတွေက လည်ချောင်းဝမှာ ပန်းသီးတစ်လုံးလို ဆို့တစ်နေတယ် ကြယ်စင်ပြုံး။ ဘာလိုမှ ပြောလို့မထွက်တော့ဘူး။ ငါ့တစ်ကိုယ်လုံးလည်း အေးစက်ပြီး ချွေးစေးတွေက ဘယ်က ဘယ်လို စိမ့်ပျံ့လာကြမှန်း မသိ။ တစ်ကိုယ်လုံးရွှဲရွှဲစိုလို့။

'ဘာ… ဟိုလဲ၊ ပြော'

နင်က ငါ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ကာ မှန်းကြပ်အုံ့ခဲနေတဲ့ ငါ့ခံစားမှုတွေက ရင်ကမ်းစပ်မှာ ဖျပ်ဖျပ်လူး။ ပြောဆိုဖို့ ငါ့နှလုံးသားကို အားနဲ့ဖျစ်ညစ်ကြည့်လိုက်တော့လည်း ဘာမှထူးပြီး ခြားမလာဘူး။

ထူးပြီးခြားလာတာကတော့ နှုတ်ခမ်းနဲ့သွားနဲ့ ဖိကိုက်ထားတဲ့ နင့်ပုံစံပဲ။

'ပြောလေဟာ၊ ဘာဖြစ်နေတာလဲ၊ ကြောင်တောင်တောင်နဲ့'

'ဟုတ်တယ်၊ အခုကျမှပဲ အ,ချင်ယောင်၊ စကားထစ်ချင်ယောင်ဆောင်မနေနဲ့၊ ဘာပြောချင်တာလဲ၊ ယောက်ျားပဲ ပြော၊ ကြာတယ်'

'သူပြောချင်တဲ့စကား နင်မသိဘူးလား ကြယ်စင်ပြုံး'

'ဟင့်အင်း မသိဘူး'

'ဒါဖြင့် ငါပြောပြရမလား'

'ပြော'

နင့်စကားဆုံးတော့…



www.burmeseclassic.com

www.burmeseclassic.com



'ဠိ'ခနဲ ကြားလိုက်ရတဲ့ ငါ့ဗိုက်ထဲက အလိုက်ကမ်းဆိုး မသိ အချိန်ကိုက်ထွက်လာတဲ့ အသံကြောင့် ရှတ်တရက် နှင်ရော ငါရော လန့်ဖျပ်သွားရတယ် မဟုတ်လား ကြယ်စင်ပြုံး။ နှင့်ရဲ့သူငယ်ချင်း အမူအရာကတော့ အပြောင်းအလဲမရှိ ပြုံးစိစိနဲ့။

'ဘယ်နှယ်လဲ ကြားပြီလား၊ သူပြောချင်တဲ့စကား၊ ဟီ… ဟီ… ဟီ၊ အဲဒါပဲမဟုတ်လား၊ သူပြောချင်တာ'

နှင့်သူငယ်ချင်းက တခစ်ခစ်ရယ်ရင်း ငါ့မျက်နှာကို စူးစူး စိုက်စိုက်ကြည့်ကာ မေးတယ်။ ငါက ရှက်ကိုးရှက်ကန်းနဲ့ အခုချိန်ထိ ပြောစရာစကားလုံးက ရှာလို့ဖွေလို့ မတွေ့သေးဘူး။

'ဟုတ်လား၊ သူပြောတာ'

နှင်က ငါ့ကို အားမလို အားမရ မျက်နှာနဲ့ ပြုံးပြုံးကြည့်ကာ မေးပြန်တယ်။

'ပြောလိုက်လေ၊ အချင်ယောင်ဆောင်နေလိုက်တာ အခုချိန် ထိ'

'ဩော်… ငါသိပြီဟဲ့၊ သူဘာပြောချင်တယ်ဆိုတာ'

'ဘာတဲ့လဲ'

'သူ ဗိုက်အရမ်းဆာနေလို့ မုန့်လိုက်ဝယ်ကျွေးဖို့ ပြောချင် တာဖြစ်မှာပါ၊ ခုနက နှင် မကြားလိုက်ဘူးလား၊ သူ့ရဲ့ ဗိုက်ထဲက ဆန္ဒပြတောင်းဆိုသံ ကျယ်ကျယ်လောင်လောင် ကြီးကို'

သူတို့နှစ်ယောက်ပြောမှ မနက်ကတည်းက ဘာမှမစားရ



www.burmeseclassic.com

www.burmeseclassic.com



သေးလို့ အရမ်းဆာလောင်မွတ်သိပ်နေတာကို သတိရတော့တယ်။

နဝိုကတည်းက ပြောချင်တဲ့စကားတွေ လည်ချောင်းတစ်နေရတဲ့အထဲ နင်တို့နှစ်ယောက်ကြောင့် အရှက်သည်းလာတော့ ဘာပြောလို့ ပြောရမှန်း မသိတော့ဘူး။

'ဒီလိုဟ၊ ဟိုလေ... ငါ ပြန်စရာ လမ်းစရိတ်မရှိလို့ အဲဒါ ငွေနှစ်ရာလောက် ချေးချင်လို့၊ အဲဒါ...'

ငါ့စကားဆုံးတော့ တခစ်ခစ်နဲ့ နင်နဲ့နှင့်သူငယ်ချင်းရဲ့ ရယ်သံတွေက တွဲချိတ်ထွက်လာတယ်။ ရယ်လိုက်ပါတော့ ကြယ်စင်ပြုံး။ ငါက တကယ့်ကို ရယ်စရာကောင်းတဲ့ကောင်။

'ဒါများ အဆန်းလုပ်လို့၊ ရော့... မှတ်မှတ်ရရတော့ ပြန်ပေး'

ပြောပြောဆိုဆိုနဲ့ ပိုက်ဆံအိတ်ကို ဖွင့်ပြီး အားနာနာနဲ့ ငါ့ကို ငွေနှစ်ရာတန်တစ်ရွက်ထုတ်ပေးတယ်။ ငါက ယှမ်းယူရင်း...

'ကျေးဇူးပဲဟာ'

လို့ပြောပြီး ရှက်ရွံ့စိတ်နဲ့ ခေါင်းငိုက်စိုက်ချကာ နင်တို့ဘေးနားက ချာခနဲ လှည့်ပြန်လာခဲ့တယ်။ နင်နဲ့နှင့်သူငယ်ချင်းရဲ့ ရယ်သံတွေကတော့ ငါ့နားထဲမှာ တုန်ခါနေတုန်းပဲ ကြယ်စင်ပြုံး။ နင်ကတော့ ငါ့ကို ဘယ်လိုထင်သွားမလဲ မသိဘူး။ နင့်ကိုငါ ရင်ဖွင့်ပြောချင်တာက...

'ကြယ်စင်ပြုံး နင့်ကို ငါချစ်တယ်၊ ငါ့ကို နားလည်စာနာပေးပါဟာ'



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုမျိုး။ ခုဟာက ငါကိုယ်တိုင်ကိုက အစ္စကြောင်ကြောင် ဘာလို့လဲဆိုတော့ နင်မျှော်လင့်ထားသလို ပိုက်ဆံချေးတာမဟုတ်ဘဲ ငါ့နှလုံးသားအတွက် သေရေးရှင်ရေးစွန့်စားခန်းကြီးဆိုရင် အကောင်းဆုံးအချစ်ကဗျာတစ်ပုဒ် ဖြစ်လာနိုင်တယ်။ အနည်းဆုံး ပါးတစ်ချက်လည်း အရိုက်ခံရနိုင်တယ်။ အခုတော့ ငါ့အဖြစ်ကို ငါပြန်တွေးကြည့်ရင်း ရင်ထဲမှာ မအီမလည်ကြီးနဲ့ ငါ့ကိုယ်ငါ အစာမကြေဖြစ်နေမိတယ် ကြယ်စင်ပြုံး…။

အချစ်ဆိုတာ တကယ့်ကို မလွယ်ပါလား။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

'အဆင်ပြေလား ညည့်ဦး'

အတူယှဉ်လျှောက်လာရင်း တင်ဟိန်းထွန်းက ငါ့ကိုမေးတယ်။ ငါက စိတ်မောလူမောမို့ ဖော့ချော်တွေကို လက်ကိုင်ပဝါနဲ့သုတ်ရင်း

'ဟူး… မလွယ်ပါလား'လို့ ညည်းလိုက်မိတယ်။

'ဘာမလွယ်တာလဲ၊ ပြောစမ်းပါဦး'

ဒီကောင်က မျက်လုံးပြူးကြည့်ရင်း ငါ့စကားကို နားမလည်သလိုနဲ့ ပြန်မေးတယ်။ ဒီကောင့်ကို ပြန်ပြောဖို့အတွက် စိတ်ပျက်အားငယ်စွာနဲ့ ခေါင်းကိုလက်နဲ့ ကုတ်နေမိတယ်။

'အင်း… ပြောရရင်တော့ မလွယ်ဘူး'

'မလွယ်ရင် မပြောနဲ့တော့ကွာ၊ ရှုပ်တယ်'

ဒီကောင်က ငါ့အပြောကို စိတ်မရှည်သလိုနဲ့ဘုတောတယ်။

'အင်း… ရှုပ်ရင် ရှင်းသွားအောင် ငါပြောပြမယ်၊ ဒီမှာ ငါက ကြယ်စင်ပြုံးကို ရည်းစားစကားပြောဖို့ သွားတာပဲ၊ ဒါပေမဲ့ ဘယ်လို မိစ္ဆာနတ်ဆိုးက တားထားလဲ မသိဘူး၊ အဲဒီစကားကို ပြောမထွက်တော့ဘူးကွ၊ ဒါနဲ့…'

စကားကို ပြောရင်း တံတွေးကို တစ်ချက်မျိုချလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ ဘာတွေပြောလိုက်လဲ'

တင်ဟိန်းထွန်းက ငါ့စကားကို သိချင်စိတ်စောပြီး မေးတယ်။

'ပြန်စရာလမ်းစရိတ်မရှိလို့ ငွေနှစ်ရာလောက်ချေးပါဆိုပြီး ပြောမိပြောရာ ပြောလိုက်မိရော၊ အဲ… အခုတော့ မင်းပြော သလို ချစ်ခြင်းတူရင် ငါက လက်ငင်းမယူနိုင်ဘဲ အကြွေးယူ ရတဲ့ကောင် ဖြစ်သွားပြီကွ'

'ဟာ… မင်းကတော့ 'တကယ့်ရယ်စရာကောင်ပဲ ဟား… ဟား… ဟား… ဒီလောက်တောင် သတ္တိကောင်းရသလား ညဥ့်ယံဦး၊ မင်းကတော့ မင်းနာမည်ရဲ့အဓိပ္ပါယ်နိမိတ်အတိုင်းပဲ မင်းအချစ်ကလည်း မှောင်စပျိုးနေဦးမှာပဲ'

ပြောပြီး ဒီကောင်က ငါ့ကို သနားစရာသတ္တဝါတစ်ကောင်လို သက်ပြင်းရှိုက်ချတယ်။

'အင်း… ငါ့အချစ်မှောင်စပျိုးနေတဲ့အချိန်မှာ ကြယ်စင်ပြုံး ဆိုတဲ့ ကြယ်လေးတစ်ပွင့်ကို ချိတ်ဆွဲထားခွင့်ရရင် သပျော် ပါပြီကွာ၊ ပျော်ပျော်ကြီး'

စကားအဆုံးမှာ ဝမ်းနည်းအားငယ်ရိပ်တွေက နှလုံးသားမှ ဆန်တက်လာကြတယ်။ ငါ့ရင်ထဲမှာလည်း အကြီးမားဆုံး တောက် လောင်နေတာကတော့ အချစ်တောမီးတွေပဲ။

နင့်ရဲ့ အချစ်နတ်ရေစင်နဲ့ သွန်းလောင်းပက်ဖျန်းပေးလှည့်ပါ သား ကြယ်စင်ပြုံး။

'အဲဒီလို ပျော်ပျော်ကြီးသေဖို့အတွက် သူ့အချစ်ကိုအောင်ယူ



www.burmeseclassic.com

www.burmeseclassic.com



ဖို့ မင်းဘယ်လိုကြိုးစားမလဲ၊ ရှုးသလို ပေါ်သလို လုပ်နေလို့ ကတော့ အသက်ကြီးသွားမယ် ညည့်ယံဦး၊ ငါ့ကိုကြည့်ထား၊ တွေ့တယ် မဟုတ်လား'

ဒီကောင်က ရင်ဘတ်ကော့ပြီး လက်မထောင်ပြကာကြွားတယ်။

'တွေ့ပါတယ်ကွာ၊ ဘဲဥကို ကျိုးကန်းချီသွားတာ ဟဲ… ဟဲ… ဟဲ'

ယူ့ရည်းစား ပိုးဟပ်ဖြူနဲ့ပတ်သက်ပြီး ဒီကောင့်ကို နှောက်ပြောင်လိုက်တယ်။ ဒီကောင်က မျက်ခုံးတစ်ဖက်ပင့်တင်ကာ…

'ငါ့လိုမှ မင်းချီနိုင်လို့လား၊ ဖွတ်ကြား'

လို့ဆိုပြီး ငါ့ကိုကောင်းကောင်းနှိပ်ကွပ်တယ်။

'ကြည့်လိုက်ဦးပေါ့ကွာ'

ဒီတစ်ခါတော့ ငါ့အချစ်စိတ်ရဲ့ သတ္တိတွေဟာ ရင်ထဲက ခေါင်းပြူထွက်လာကြတယ်။

'ကြည့်ရသေးတာပေါ့၊ မင်းရဲ့သတ္တိကို'

'ကြည့်ထား… ဒီတစ်ခါတော့…'

'ဘာသွားချေးဦးမှာလဲ၊ ဘာသွားငှားဦးမှာလဲ ဟား… ဟား… ဟား'

ဒီကောင်က ငါ့ကိုကြည့်ကာ နောက်ပြောင်ပြီး ဟားတယ်။ မခံချင်စိတ် မကျေနပ်စိတ်တွေက သွေးဆူလာကြပြီ။

ငါ့အချစ်တွေကလည်း သွေးမတိတ်နိုင်သေးဘူးကြယ်ပင်ပြုံး။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

လေး . . .

'ဟာ··· ဟိုမှာလာနေပြီ ကြယ်စင်ပြုံး'

နင်လမ်းလျှောက်လာတာကို မြင်မြင်ချင်း ငါ့နှလုံးသားရဲ့ သတိပေးသံချောင်းခေါက်သံကို ရင်ထဲက ပြန်ကြားလိုက်ရတယ်။ နင်နဲ့ နင့်သူငယ်ချင်းမကတော့ ငါ့ကိုကြည့်ပြီး တစ်ယောက်ကိုတစ် ယောက် တွန်းထိုးကာနှုတ်ခမ်းပေါ်မှာ အပြုံးအရယ်တွေကို တပ်ဆင်ထားကြ တယ်။

'ကြယ်စင်ပြုံး'

ငါ့ရင်ထဲက တုန်ယင်စွာ ခေါ်လိုက်တဲ့အသံကြောင့် နင့် အကြည့်က မျက်နှာတည့်တည့်ပေါ် ခုန်ချလာတယ်။

'ဘာလဲ၊ အကြွေးဆပ်မလို့လား ဟင်း··· ဟင်း'

နင်ကတော့ မခို့တရို့အပြုံးနုနုလေးကို မျက်နှာပေါ်မှာ ဆွဲ ချိတ်ထားရင်း ပြောတယ်။

'အင်း··· အဲဒီအကြွေးလည်း ဆပ်ချင်လို့၊ ပြီးတော့ နင် မပေးဘဲနဲ့ ငါယူထားမိတဲ့ အကြွေးလည်းဆပ်မလို့'



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရင်ထဲက အချစ်စိတ်ရဲ့ ဒီဂရီက ၁၅၀၀ စင်တီဂရိတ်ထိ တရိပ်ရိပ်နဲ့ တက်လာကြပြီ ကြယ်စင်ပြုံး…။

'ဘာအကြွေးလဲ'

ပြောရင်း နင်က ငါ့စကားကို နားမလည်သလို မျက်တောင်လေးပုတ်ခတ် ပုတ်ခတ်လုပ်ကာ စဉ်းစားရင်း မေးတယ်။ နင့်သူငယ်ချင်းမရဲ့ အကြည့်ကတော့ ငါ့ကို သိပ်ဦးနှောက်စားတာပဲလို့ ပြောနေသလိုပဲ ငါသိနေတယ်။

ဒါကို ငါလုံးဝဂရုမစိုက် အသိအမှတ်မပြုနိုင်တော့ဘူး။

'ဟိုဟာလေ… ဟိုဟာ… အချစ်ကြွေး… အချစ်ကြွေး'

ထစ်ထစ်ငေါ့ငေါ့နဲ့ ခုန်ပေါက်ထွက်သွားတဲ့ ငါ့စကားလုံးတွေကြောင့် အံ့သြထိတ်လန့်ပြီး နင့်မျက်လုံးတွေ ဝိုင်းစက်သွားတာကို ရုတ်တရက် ငါတွေ့လိုက်တယ်။

'ဘာ…'

နင်က ခြသေ့်မတစ်ကောင်လို ဟိန်းဟောက်တယ်။ ဒီတစ်ခါတော့ ငါက နင့်ရှေ့ရောက်နေတဲ့ ယုန်ကလေးတစ်ကောင်လို မတုန်မလှုပ်တော့ဘူး ကြယ်စင်ပြုံး။

ငါ့အချစ် သတ္တိသွေးတွေက ခန္ဓာကိုယ်တစ်ခုလုံးမှာ ဖွေ့တိုးနေကြပြီ။

'ဟုတ်တယ် ကြယ်စင်ပြုံး၊ အဲဒီအချစ်ကြွေးဆိုတာ နင့်ကို ငါချစ်… ဂစ်… ဂစ်… ဂစ်…'

ငါ့စကားဆုံးမသတ်ခင်မှာ အဆိုးဝါးဆုံး ဒုက္ခတစ်ခုက



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသလို ခြေထောက်နှစ်ဖက်စလုံး အေးစက်ကျင်ထုံလာပြီး ခန္ဓာကိုယ်တစ်ခုလုံးကလည်း ပျောက်ကွယ်သွားသလို ခံစားလိုက်ရတယ်။ ငါ့စိတ်ထဲမှာ ကြယ်စင်ပြုံးလည်း မရှိတော့။

ဘာမှလည်း မရှိတော့။ ငါ့ခန္ဓာကိုယ်တစ်ခုလုံး လမ်းမပေါ်မှာ တွန့်လွန်ကွေးကောက်။ တစ်ကိုယ်လုံး ချွေးတွေရွှဲပြီး ဘာမှ ငါ သတိမရတော့။ ချက်ချင်းပဲ တစ်လောကလုံး တိတ်ဆိတ်ငြိမ်သက်သွားတော့တယ် ကြယ်စင်ပြုံး။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

'ဝူး··· ဝါး··· ဟား···'

ငါ ပြန်သတိရလာတော့ နင်နဲ့နှင့်သူငယ်ချင်းမကာ စိုးရိမ်တကြီး ငါ့ဘေးနားမှာ ကြောင်ငေးကာကြည့်နေကြတယ်။ ငါ့ဘေးနားမှာလည်း လူတွေဝိုင်းနေပြီး ခြေမချီး၊ လက်မတွေကို ဖွဲ့လိမ်ချိုးပေးနေကြတယ်။

အဲဒီလောက်ထိ ငါ့ရောဂါက အလိုက်ကမ်းဆိုး မသိလှပါလား။ ငါချစ်ရတဲ့ ချစ်သူတစ်ယောက်ရှေ့မှာ အရှက်တကွဲ။ အခုမှ ချစ်မယ်ကြံရုံရှိသေး။ သေလိုက်ပါတော့။

'ဘယ်လိုဖြစ်သွားရတာလဲ ညဉ့်ယံဦး'

ငါ့ကိုကြည့်ရင်း နင်က စိတ်မကောင်းသလိုနဲ့ မေးတယ်။ ငါ့ကို ကူညီပြီးပြုစုပေးကြတဲ့သူတွေကတော့ မိမွေးတိုင်း ဖမွေးတိုင်း ပြန်ဖြစ်သွားတဲ့ ငါ့ကိုကြည့်ပြီး ရယ်ကျဲကျဲနဲ့ အနားက ထသွားကြတယ်။

နင်မေးတာကို ပြန်ဖြေဖို့ စဉ်းစားမိတော့မှ သတိပြန်ရလာခါစ ငါ့ဦးနှောက်ကို အရမ်းကို လန်းဆန်းနေတာ သတိထားမိတော့တယ်။ တစ်ချိန်တည်းမှာပဲ ဘယ်လိုပြန်ဖြေရမလဲဆိုတာ ဉာဏ်နီဉာဏ်နက် ပေါင်းစုံနဲ့ ဖျစ်ညစ်ပြီး ရင်ထဲမှာ စာစီလိုက်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ငါလည်းမသိဘူး ကြယ်စင်ပြုံး၊ အဲ… တစ်ခုတော့ ငါသိနေတယ်၊ အဲဒါက နင့်ကိုငါချစ်တယ်၊ ငါ့ရဲ့အချစ်ကို နားလည်စာနာပေးပါ၊ နို့မဟုတ်ရင် နင့်ကိုချစ်တဲ့စိတ်က ငယ်ထိပ်ရောက်ပြီး ခုလိုပဲ ခံစားရဦးမှာပဲ ကြယ်စင်ပြုံး'

အဲဒီလိုနဲ့ နင့်အချစ်ကို ရယူဖို့အတွက် ကမန်းကတန်းအသိဝင်ပြီး ရှင်းပြတတ်တဲ့ ငါ့ဦးနှောက်နဲ့ ငါ့ဝက်ရူးပြန်ရောဂါကို ကျေးဇူးတင်လိုက်မိတယ်။

'ဒါတော့ အခုမပြောချင်သေးဘူး၊ စဉ်းစားလိုက်ဦးမယ်၊ အချိန်တွေအများကြီးရှိပါသေးတယ်၊ မဟုတ်ဘူးလား၊ သွားတော့မယ်ဟာ'

ပြောပြောဆိုဆို နင်နဲ့နင့်သူငယ်ချင်းမက ငါ့အနားက ချာခနဲလှည့်ထွက်သွားကြတယ်။

ငါကတော့ သစ်ခွေးတုံးတစ်တုံးလို မတုန်မလှုပ်။ ဒါပေမဲ့ နင့်ကိုချစ်တဲ့စိတ်ကတော့ ရင်နဲ့ မတန်မဆကြီး တင်းကြပ်နေတာပဲ ကြယ်စင်ပြုံး…။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းထဲက လက်ဖက်ရည်ဆိုင်ကိုရောက်တော့ သူငယ်ချင်း စိန်တိုး၊ အောင်ကျော်မိုး၊ မြင့်အောင်၊ တင်ဟိန်းထွန်းတို့ရဲ့ မျက်လုံး ရှစ်လုံးက ငါ့ကို ဝိုင်းကြည့်နေကြတယ်။ ငါက တမင်တကာ မသိချင် ယောင်ဆောင်ပြီး သူတို့ဘေးနားကခုံမှာ ဝင်ထိုင်လိုက်တယ်။

'ဟော့ကောင်… ညဥ့်ယံဦး၊ ဘယ်လိုလဲ၊ မင်းရောဂါအခြေ အနေ'

လှမ်းမေးလိုက်တဲ့ စိန်တိုးစကားကြောင့် ငါကြောင်တောင် တောင်ဖြစ်သွားမိတယ်။

'ဘာရောဂါကို ပြောတာလဲ'

ငါက မသိမသာနဲ့ ဟောက်ပစ်လိုက်တယ်။

'မင်းရောဂါ မင်းသိမှာပေါ့'

သူတို့ပြောတာက ကြယ်စင်ပြုံးနဲ့ပတ်သက်ပြီး နှလုံးသားထဲ က ခံစားနေရတဲ့ အချစ်ဝေဒနာရောဂါလား။ ဒါမှမဟုတ် ငါ့မှာရှိနေတဲ့ ဝက်ရူးပြန်ရောဂါလား၊ ဘာမှန်းမသိ၊ မကွဲပြား၊ ဇဝေဇဝါ'

'သိတာပေါ့ကွာ၊ အဲဒီရောဂါအကြောင်း မပြောတောင်မပြော ချင်တော့ဘူး၊ ဘာလို့လဲဆိုတော့ ငါက ကြယ်စင်ပြုံးကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်လို့ ပြောရုံလေးပဲရှိသေး၊ ငါ့ဝက်ရူးပြန်ရောဂါက ဖောက်လာပါရော၊ အဲဒါ နဲ့ ချက်ချင်း ငါတက်သွားတယ်၊ ဘာမှမသိတော့ဘူးကွ၊ အသိဝင်လာတော့'

'သူတို့က ရှက်ပြီး ထွက်ပြေးသွားရောလား'

စကားမဆုံးခင် အောင်ကျော်မိုးက စကားကိုလုပြီး ပြောတယ်။

'မပြေးဘူးကွ၊ ဒီမှာ ငါလည်း ခပ်ရှက်ရှက်နဲ့ ဘာပြောမိတယ်မှတ်လဲ၊ နင့်ကို ငါ ချစ်တယ်၊ ငါ့အချစ်ကို နားလည်စာနာပေးပါ၊ အဲဒီလိုမှမဟုတ်ရင် နင့်ကိုချစ်တဲ့စိတ်က ငယ်ထိပ်ရောက် အဆိပ်တက်ပြီး အခုလိုပဲ နင်တို့မြင်တဲ့အတိုင်း ငါခံစားရလိမ့်မယ်လို့ လံကြုတ် လုပ်ကြံပြောလိုက်တယ်'

'ဒီတော့ သူက ဘာပြန်ပြောလဲ'

တင်ဟိန်းထွန်းရဲ့ ကြိုတင်သိချင်စိတ်တွေက နှုတ်ခမ်းပေါ်က ခုန်ချလာတယ်။

'အခုတော့ မပြောချင်သေးဘူး၊ စဉ်းစားလိုက်ဦးမယ်၊ အချိန်တွေအများကြီးရှိပါသေးတယ်တဲ့၊ အဲဒါပဲ'

'အဲဒါဆို ကြိုးရှည်ရှည်နဲ့ မင်းကိုလွှတ်ထားတာပဲ၊ သိလားညဥ့်ယံဦးရဲ့၊ ညဥ့်ဦးယံ ဝက်ရူးပြန်ရဲ့'

စကားဆုံးတော့ မြင့်အောင်က နင်နဲ့ပတ်သက်ပြီး ဝေဖန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'နောက်ပြီး မင်းရဲ့နာမည်ရင်း ညဥ့်ယံဦးကို ဖျောက်လိုက်တော့၊ ညဥ့်ဦးယံ ဝက်ရူးပြန်လို့ပဲ ပြောင်းလိုက်တော့'

'ဟုတ်တယ်၊ မြင့်အောင်ပြောတာ မှန်တယ်'

ကျန်တဲ့သူတွေက မြင့်အောင်စကားကို ပြိုင်တူထောက်ခံလိုက်ကြတယ်။ ဒါဆို ငါ ဘာဆက်လုပ်ရမလဲ။ ဘာဆက်လုပ်ရမှန်း မသိတော့။

အတန်းအားချိန် သူငယ်ချင်းတွေနဲ့ စကားဝိုင်းမှာ ငါအရမ်းမျက်နှာငယ်ရတယ် ကြယ်စင်ပြုံး…။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

•

# ငါး . .

'ဟော့ကောင်··· ညှဥ့်ယံဦး၊ ဟိုမှာ ကြယ်စင်ပြုံး မင်းကို လက်ယပ်လှမ်းခေါ်နေတယ်'

လှည်းတန်းက ရာပြည့်စာအုပ်ဆိုင်မှာ စာအုပ်ကြည့်နေတုန်း ပြုန်းခနဲ ပြောလိုက်တဲ့ စိန်တိုးစကားကြောင့် ငါလည်း ပျာယာခတ်သွားတယ်။

'ဘယ်မှာလဲ'

'၂၁၁ ကားပေါ်မှာ၊ သွား··· မြန်မြန်လိုက်'

ဒီကောင့်စကားအတိုင်း ငါကလည်း မွန်ထူပြီး ၂၁၁ ကားကို အမီလိုက်ဖို့အတွက် လမ်းတစ်ဖက်ကို ကမန်းကတန်း ပြေးကူးသွားတယ်။

ဟာစ်တလာကတော့ ဥရောပတိုက်ကို ရရှိခဲ့ဖူးတယ်။

ကိုလံဘတ်ကတော့ နယ်မြေသစ်ကို ရှာဖွေတွေ့ရှိခဲ့ဖူးတယ်။

နေပ္ပမင်းကလည်း ကျောက်ဖျာပေါ်မှာ အိပ်စက်ခဲ့ဖူးတယ်။

ငါကတော့ အလမ္မာယ်ဆရာရဲ့ ပုလွေသံကိုကြားရတဲ့ မြွေတစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်လို နင့်ရဲ့ ချစ်ခြင်းကိုခံရရင် ငါ့ဘဝ အားလုံးပြည့်စုံတယ် ကြယ်စင်ပြုံး။

ငါက မြူးတူးခုန်ပေါက်ပြီး ကားပေါ်ပြေးအတက်။ နင်က ငါ့လက်ကို ကမန်းကတန်းနဲ့ လှမ်းဆွဲခေါ်လိုက်မလားလို့ ငါ့စိတ်ကူးတွေ မဆုံးခင်တန်းလန်းမှာပဲ ယာဉ်ထိန်းရဲတစ်ဦးက ငါ့လက်ကို လှမ်းဆွဲပြီး ခေါ်သွားတယ်။ ပြီးတော့ ကားပေါ်တင်ပေးတယ်။ ၂၁၁ ကားပေါ်တော့ မဟုတ်ဘူး။

'ဟာ… ကျွန်တော် ကျောင်းသွားမှာ၊ ဘာဖြစ်လို့'

ငါက အူကြောင်ကြောင်နဲ့ ယာဉ်ထိန်းရဲကို ကြည့်ရင်းပြောတော့ ယာဉ်ထိန်းရဲက စကားသံမှန်မှန်နဲ့…

'မင်းကို စည်းကမ်းမဲ့လမ်းဖြတ်ကူးလို့ဖမ်းတာ' လို့ ပြန်ပြောတယ်။

'ဗျာ'

ယာဉ်ထိန်းရဲရဲ့ စကားအဆုံးမှာ ငါထိတ်လန့်အံ့သြသွားတယ်။ ဒါနဲ့ လမ်းစည်းကမ်းထိန်းသိမ်းရေးကားပေါ်ကနေ နင် စီးသွားတဲ့ ၂၁၁ ဒေဝူးကားကြီးကို ငေးကြည့်မောရင်း ငါလည်း ဘာလုပ်လို့ လုပ်ရမှန်း မသိတော့ဘူး ကြယ်စင်ပြုံး။

ငါ ကားပေါ်က ခုန်ပြေးရရင် ကောင်းမလား။ ဟား… အဲဒါ အကောင်းဆုံးပဲ။ ဒါမှ နင့်ကို ငါတွေ့ရတော့မှာ။ နို့မဟုတ်ရင် ကန့်လန့်ကန့်လန့်နဲ့ အခုလို ငါပါသွားမှာလို့ စိတ်ထဲက ကြံသွားရင်း အမှတ်မထင် ကားပေါ်က ဖျတ်ခနဲ ခုန်ချလိုက်တယ်။

www.burmeseclassic.com



ဒါပေမဲ့…

'ဟာ'

'ဟင်…'

'ဟား… ဟား… ဟား…'

ကားပေါ်မှာရှိတဲ့ ငါ့လိုလမ်းစည်းကမ်းချိုးဖောက်လို့ အဖမ်းခံထားရတဲ့ လူတွေက ငါ့အဖြစ်ကိုကြည့်ပြီး ဟားကြတယ်။ ဟုတ်တယ်။ ငါ့အဖြစ်ကလည်း တကယ့်ကို ရယ်စရာဟားစရာကြီး။ ငါ့စိတ်ထဲက အကြံအစည်အတိုင်း ကားပေါ်ကခုန်အချမှာ ငါ့ပုဆိုးစကို ခြေထောက်နဲ့ နင်းမိပြီး ပုဆိုးက ကွင်းလုံးကျွတ်ကျသွားတာကိုး။

ဒီတော့ ငါလည်း ရှက်ရှက်နဲ့ ဘာလုပ်လို့လုပ်ရမှန်း မသိတော့ဘူး။ အဲဒါကြောင့်မို့ လမ်းစည်းကမ်းထိန်းသိမ်းရေးကားကြီးပေါ်မှာ အီးမှန်ထားတဲ့ မျက်နှာကြီးနဲ့ ပါသွားရတယ်။ ဘယ်လောက်သနားစရာကောင်းလဲ။ အဲဒါပဲ။

ငါ့အချစ်ရဲ့ ကံဆိုးမှုကို ကြည့်လှည့်ပါဦးဟာ။ အဲဒီလောက်ထိ နင့်ကိုငါချစ်တယ် ကြယ်စင်ပြုံး။ နင့်အချစ်ကတော့ ကောင်းကင်မှာ ရွှေလျှားဆော့ကစားနေတဲ့ လမင်းလေးလိုပဲ ငါ့ရင်ထဲ အေးစိမ့်လာတဲ့အထိ လွှမ်းနေမိတယ်။

ငါ့ကို ဒီအတိုင်းထားပစ်ခဲ့တော့မှာလား ကြယ်စင်ပြုံးရယ်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

'ကြယ်စင်ပြုံး…'

ငါ့ခေါ်သံကြောင့် ပခုံးလေးတွန့်ကာ နင်က လှည့်ကြည့်တယ်။

'ဟင်… ညဥ့်ယံဦး နင် အတန်းမတက်ဘူးလား'

'အင်း… တက်မလို့ပဲ၊ နင့်မြင်လို့ အဲဒါ'

ငါက စကားကို ဆက်မပြောဘဲ နင့်မျက်နှာလေးကို ကဗျာတစ်ပုဒ်လို ဖတ်နေမိတယ်။

'ငါ့ကိုမြင်လို့၊ အဲဒါ ဘာဖြစ်လဲ'

မျက်မှောင်ကုတ်ပြီး ကြည့်လိုက်တဲ့ နင့်အကြည့်လေးက ငါ့မျက်နှာပေါ် တွယ်ကပ်တက်လာတယ်။

'ဘာဖြစ်ရမလဲ၊ နင့်ကိုမြင်လို့ ငါ အဖမ်းခံရတာ'

'ဘာ… ငါ့ကိုမြင်လို့ နင် အဖမ်းခံရတာ၊ ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့၊ ငါပြောမယ်၊ လှည်းတန်းစာအုပ်ဆိုင်မှာ ငါက စာအုပ်ကြည့်နေတုန်း ငါ့သူငယ်ချင်းက ၂၁၁ ကားပေါ်မှာ နင့်ကိုတွေ့ လိုက်တယ်လို့ပြောတာနဲ့ ငါက နင့်နောက်ကို လိုက်ဖို့ ကမန်းကတန်းနဲ့ ကားလမ်းဖြတ်အကူး ယာဉ်ထိန်းရဲက ငါ့ကိုဖမ်းသွားရောဟ'



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးမှာ နင်က နှာခေါင်းကိုရှုံ့ကာ ဒိုင်းခနဲ မျက်စောင်းထိုးတယ်။

'အဲဒါ နင် အသုံးမကျလို့ဖြစ်တာ၊ ဘာဆိုင်လဲ ငါနဲ့'

'ဆိုင်တာပေါ့၊ နင့်ကိုမမြင်လိုက်ဘူးဆိုရင် ဒီလိုဖြစ်မှာမဟုတ်ဘူး၊ နင့်ကိုမြင်လို့ ဖြစ်ရတာ၊ မဟုတ်ဘူးလား'

'မဟုတ်ဘူး'

ငါ့စကားကို နင်က ခွတ်ငြင်းတယ်။

'ဟုတ်တယ်'

'တော်ဟာ'

နှုတ်ခမ်းကို ဖိကိုက်ကာ နင်က ဟောက်တယ်။ ဟောက်လိုက်တဲ့အသံကြောင့် ငါ့မျက်လုံးတစ်ခုလုံး ပြူတ်ကျပြီး အဝေးကို လွင့်စင်သွားသလို ခံစားလိုက်ရတယ်။ တကယ်တော့ ငါ့စိတ်ကူးထဲမှာ နင်ရှိနေတာ။

'ငါ့ကြောင့် ခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူးဟာ၊ နင်က လည်း ဂရုစိုက်မှပေါ့၊ သတိထားမှပေါ့'

အဲဒီလိုမျိုး နူးညံ့လှပတဲ့ အကြင်နာစကား။ အခုတော့ ကွာခြားလှ။ ငါ့နှလုံးသားလည်မြိုကို အားရပါးရ လက်နဲ့ ဖိညှစ်ထားလိုက်သလိုပဲ။

နင့်ကြောင့် ငါဘာတွေဖြစ်နေလဲဆိုတာ ခပ်ပါးပါးတော့ နင်သိထားဖို့ကောင်းပါတယ် ကြယ်စင်ပြုံးရယ်။ အဲဒီလို နင်နဲ့ပတ်သက်ရင် ငါ့ရဲ့အဆင်ပြေမှုတွေက ဝမ်းနည်းစရာကောင်းလှပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကြယ်စင်ပြုံး… ဟီး… ဟီး… နင်ကလည်း ဘာဖြစ်လို့ ငါ့ကို ဖိဟောက်နေရတာလဲ'

ရယ်ချင်တဲ့ဘက်ကို ငါ့နှုတ်ခမ်းတွေ ညွတ်ကွေးယိုင်ဆင်းကာ ပြောလိုက်တယ်။

'ဟောက်မှာပေါ့ နင်ပြောပုံက'

ပြောရင်း နင်က ငါ့ကိုတတောင်ဆစ်နဲ့ တွတ်တယ်။

'ဟုတ်တယ်'

'လုပ်ပြန်ပြီလား၊ ဘာဟုတ်တာလဲ'

'နင့်ကို ငါမြင်လို့ ငါကကားလမ်းဖြတ်ကူးမိတာ၊ အဲဒါ နင့်မှာ ဘာအပြစ်မှမရှိဘူး၊ မျက်စိမပါတဲ့ ငါ့အချစ်မှာ အပြစ်ရှိတယ်ဆိုတာ ဟုတ်တယ်လို့ပြောတာ'

ငါက နင့်စိတ် ကျေနပ်သွားအောင် စကားလျှောချလိုက်တယ်။

'ဟုတ်ရင်လည်း ပြီးတာပဲ'

နင်က မျက်မှောင်ကြုတ်ကာ ကြည့်ရင်းပြောတယ်။ ကိုယ်သင်းရနံ့လေးပျံ့မွှေးနေတဲ့ နင့်ကိုကြည့်ရင်း ငါ့အချစ်စိတ်တွေဟာ ဟိုဟိုဒီဒီ မြူးတူးနေတယ်။

'နင်ရော စဉ်းစားပြီးပြီလား'

ငါပြောလိုက်တဲ့အစကားအဓိပ္ပာယ်ကြောင့် နင်က မျက်လွှာလေးချကာ ခဏစဉ်းစားနေပြန်တယ်။

'အင်း… စဉ်းစားတုန်းပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လောက်ကြာဦးမှာလဲ'

'မသိသေးဘူး'

'ငါ့ကို မညှင်းဆဲပါနဲ့ဟာ'

'အဲဒီလို ထင်လို့လား'

ထင်တယ်လို့ အဲဒီလို စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက်ရရင်တော့ ငါ့နှလုံးသားကို အားရပါးရ အကန်ခံလိုက်ရတဲ့ ဘောလုံးတစ်လုံးလို လွင့်စင်မြောက်တက်သွားတော့မယ်။ ဒီတော့ ငါက နင့်ကိုမျက်နှာငယ်လေးနဲ့ နိုးကြည့်ရင်း…

'မထင်ပါဘူး'

လို့ ပြောပြီး အားငယ်စွာနဲ့ ခေါင်းကိုအောက်စိုက်ချထားမိတယ်။

'ပြီးတာပဲ၊ ဒါဆိုရင်…'

နင်ပြောသလို နင့်ရဲ့ချစ်ခြင်းမေတ္တာအတ္တအရတော့ 'ပြီးချင်ပြီးမှာပေါ့၊ ငါ့ရဲ့နှလုံးသားအလိုဆန္ဒအရတော့ မပြီးနိုင်သေးဘူး။ လွမ်းလွမ်းဆွတ်ဆွတ် အသည်းကွဲခွင့်ရအောင် ကြိုးစားရဦးမယ် ကြယ်စင်ပြုံး။

အဲဒီလောက်ထိပဲ အဲဒီနေ့က နင်နဲ့ငါ စကားပြောခဲ့ကြပြီးနောက်တော့ ပြောစရာစကားမရှိတော့သလို တိတ်ဆိတ်နှုတ်ပိတ်ကာ ကိုယ့်နှလုံးသားကိုယ်နူးညံ့စွာ ငုံ့နမ်းကြည့်နေမိကြတော့တယ်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ခြောက်...

'ဟော့ဒကောင် ညဥ့်ဦးယံ ဝက်ရူးပြန်၊ ဟိုနေ့က မင်းအဖမ်းခံရလို့ဆို'

အောင်ကျော်မိုးက ငါ့ကိုတွေ့တွေ့ချင်း စပ်ဖြီးဖြီးမျက်နှာနဲ့ မေးတယ်။

'မင်းကို ဘယ်သူပြောလဲ'

'စိန်တိုး'

'အင်း... အဲဒါဘာဖြစ်လဲ'

'ဘာဖြစ်ရမှာလဲကွ၊ အဲဒါပေါ့၊ အငမ်းမတော်တော့ တစ်လှမ်းဆိုတာ ဟား... ဟား...'

အောင်ကျော်မိုးရဲ့ စကားအဆုံးမှာ အားလုံးကပိုင်းရယ်ကြတယ်။ ဒီကောင်တွေရဲ့ ရယ်သံတွေကြောင့် ငါ့မျက်နှာမှာလည်း ရှက်စိတ်တွေနဲ့ မွှန်ထူနေမိတယ်။

ဒီကောင်တွေကို ပြန်ပြောရမယ့် စကားကလည်း ငါ့မှာ ရှားရှားပါးပါး။ ငါက ခေါင်းငုံ့ခံရတဲ့ ဘက်ကပါ။ အဲဒါကြောင့်မို့...



www.burmeseclassic.com

www.burmeseclassic.com

ခြောက်. . .

'ဟော့ကောင် ညဥ့်ဦးယံ ဝက်ရူးပြန်၊ ဟိုနေ့က မင်းအဖမ်းခံရလို့ဆို'

အောင်ကျော်မိုးက ငါ့ကိုတွေ့တွေ့ချင်း စပ်ဖြီးဖြီးမျက်နှာနဲ့ မေးတယ်။

'မင်းကို ဘယ်သူပြောလဲ'

'စိန်တိုး'

'အင်း… အဲဒါဘာဖြစ်လဲ'

'ဘာဖြစ်ရမှာလဲကွ၊ အဲဒါပေါ့၊ အငမ်းမတော်တော့ တစ်လှမ်းဆိုတာ ဟား… ဟား…'

အောင်ကျော်မိုးရဲ့ စကားအဆုံးမှာ အားလုံးကပိုင်းရယ်ကြတယ်။ ဒီကောင်တွေရဲ့ ရယ်သံတွေကြောင့် ငါ့မျက်နှာမှာလည်း ရှက်စိတ်တွေနဲ့ မွှန်ထူနေမိတယ်။

ဒီကောင်တွေကို ပြန်ပြောရမယ့် စကားကလည်း ငါ့မှာ ရှားရှားပါးပါး။ ငါက ခေါင်းငုံ့ခံရတဲ့ ဘက်ကပါ။ အဲဒါကြောင့်မို့…



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ကစပြီး ကြယ်စင်ပြုံးနဲ့ ပတ်သက်လို့ ကြုံခဲ့ရတဲ့ ငါ့အဖြစ်ကံဆိုးမှုတွေက အတန်းထဲမှာ နံ့ပျံ့သွားရုံတင်မကဘူး အတန်းထဲကမှတစ်ဆင့် မေဂျာတွေထံ ကူးစက်ရောက်သွားပြန်ရော။ ဒါပေမဲ့ ငါ့အချစ်ကိုတော့ နင်က အတည်ပြုမပေးသေးဘူး။ ငါကတော့ နင့်ကို ခဏခဏ ချစ်နေမိတယ် ကြယ်စင်ပြုံး။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ငါနဲ့ ပတ်သက်ပြီး နင့်ကို ငါ့သူငယ်ချင်းတွေက အာရုံစိုက်လာကြတယ်။ ငါ့ကိုလည်း ရယ်စရာအဖြစ်နဲ့ သနားကရုဏာသက်နေကြတယ်။ နင့်အချစ်ကတော့ တိုရေ ရှားရေနဲ့ အေးစက်စက်မာကြောကြောကြီးပါလား ကြယ်စင်ပြုံး။

'ဟော့ကောင်… ဝက်ရူးပြန် ညဉ့်ဦးယံ တွေ့လား၊ ရှေ့ဆုံးကခုံမှာ…'

အနောက်ပိုင်းတက္ကသိုလ် ၂၁၁ ဒေဂူးကားပေါ်ရောက်ရောက်ချင်း တင်ဟိန်းထွန်းက ငါ့နားနားကပ်ပြီး တိုးတိုးတိတ်တိတ် ပြောတယ်။

သူပြောတဲ့အတိုင်း ကမန်းကတန်းနဲ့ လူကြားထဲကနေ ခေါင်းပြူပြီး အငမ်းအရ ငါလှမ်းကြည့်မိတယ်။

'ဟာ… ကြယ်စင်ပြုံး၊ ဟုတ်တယ်'

ငါ အရမ်းပျော်သွားပြီး ဝဲယာနှစ်ဖက်စလုံး ဖိညှပ်ကာ ကြပ်နေတဲ့ လူကြားထဲကနေ နင်ရှိရာ ရှေ့ဆုံးခုံဆီကို တိုးဝှေ့လာခဲ့မိတယ်။

တစ်စထက် တစ်စ တိုးဝှေ့လာရင်း နင်ရှိတဲ့ခုံနားရောက် အပေါ်တန်းကို လှမ်းကိုင်ထားတဲ့လူတစ်ယောက်ရဲ့ လက်မောင်းအိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



က ငါ့မျက်နှာရှေ့က ပိတ်ကွယ်ထားတယ်။ ဒါနဲ့ သူ့လက်မောင်းကို ပင့်တွန်းကာ လက်တစ်ထွာစာနေရာအပိုထဲကို ပေါင်တစ်ဖက်စာ ဝင်ဆန့်လိုက်တယ်။

'ဟူး… ကြယ်စင်ပြုံး'

နင့်ဘေးနားရောက်တော့ အမောတကောနဲ့ ငါကတိုးတိုးတိတ်တိတ် ခေါ်မယ်လို့ နှုတ်ခမ်းကို ပြင်နေခိုက်မှာပဲ…

'ဟာ… ကြယ်စင်ပြုံး…၊ ဘယ်တုန်းကများ ဘယ်တုန်းကများ ကလေးမွေးလိုက်လည်းမသိဘူး၊ ကြည့်စမ်း ကလေးငယ်လေးကို သူ့ ရင်ခွင်ထဲမှာ ချီပွေ့ထားလို့ပါလား၊ ငါ လူမှားနေတာပဲလား၊ ဒါလည်း မဖြစ်နိုင်ပါဘူး၊ ခုဟာက ကြယ်စင်ပြုံးမှ ကြယ်စင်ပြုံးအစစ်၊ ရေရောမထားဘူး၊ ဒါဆို ဟိုကောင်ပြောသလို ချစ်ခြင်းတူတဲ့ကောင်က လက်ငင်းယူသွားပြီထင်တယ်၊ သွားပြီ၊ ငါတော့ သွားပြီ'

ငါ့မျက်လုံးကို မယုံသင်္ကာနဲ့ ပွတ်သပ်ပြီး တစ်ခါထပ်ကြည့်တယ်။ ကြည့်တော့လည်း အံ့ဩဖွယ်အဖြစ်နဲ့ နင့်ကို ဒီအတိုင်းပဲ တွေ့ရတယ်။

'ဘယ်လိုဖြစ်တာလဲ၊ ငါ့ကိုယ်ငါတောင် မယုံချင်ဘူး ကြယ်စင်ပြုံး'

စိတ်ထဲကအတွေးနဲ့အတူ ငါ့ခေါင်းက အလိုလိုအောက်ငိုက်ကျသွားတယ်။ စောစောကလက်မောင်းအိုးကြီးကလည်း ငါ့ခေါင်းပေါ် ပိကျလာတယ်။ ငါ့မှာ အသက်ရှူရမွန်းကြပ်၊ အပေါ်ကညှပ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းအိုး၊ ကလေးငယ်ကို ရင်ခွင်ထဲပွေ့ချီထားတဲ့ ကြယ်စင်ပြုံး။

ငါ့ရဲ့ကံဆိုးမှုတွေကို ငါကိုယ်တိုင် နားမလည်နိုင်တော့ပါ လား။ ငါဘာလုပ်ရတော့မလဲ။ ဘာလုပ်ရင်ကောင်းမလဲ။ မေးခွန်းတွေက ခေါင်းထဲမှာ စီတန်းနေတယ်။ နင်ကတော့ ဘာကိုမှသတိမထား။ ကလေးငယ်ကို ပွေ့ချီထားရင်း ကားပြတင်းပေါက်ကနေ အပြင်ဘက်ကို ငေးကြည့်နေတယ်။

ဘေးကြပ်နံကြပ် နစ်မြုပ်နေတဲ့ ငါ့ခန္ဓာကိုယ်ကို နောက်ကနေ ဆန့်ဆွဲကာ ဖိတွန်းလိုက်တော့ လွင့်ခနဲ အရှိန်ပြင်းပြင်းနဲ့ ပခုံးနောက် မီပေါ်ကို ငါ့ခန္ဓာကိုယ်တစ်ခုလုံး ယိုင်ထိုးကျသွားတယ်။

'အား… လုပ်ကြပါဦး'

ငါ့ရဲ့ ထိတ်လန့်တကြားအော်သံ၊ ကားဂိယာချိန်းသံ၊ စပယ် ယာရဲ့အသံ၊ ပြီးတော့ ထိတ်လန့်အံ့ဩသွားတဲ့ နှုတ်ခမ်းတစ်စုံ။

'ဟယ်တော့… ဘယ်လိုဖြစ်တာလဲ ညဦးယံဦး'

'နောက်… နောက်က တွန်းလိုက်တာဟ'

မတ်တတ်ရပ်နေသူတွေက ဖရိုဖရဲဖြစ်နေတဲ့ ငါ့ကိုကြည့်ရင်း ပြုံးစိစိလုပ်နေကြတယ်။

'နင်ဖြစ်လိုက်ရင်လေ အကြောင်းကြောင်း အရာရာချည်းပဲ'

နင့်ရဲ့ဒေါသမျက်စောင်းက ငါ့မျက်နှာပေါ်မှာ နာရီချိန်သီး လို လွှဲရမ်းနေတယ်။

'နင်ပြောသလိုပဲ ထားပါတော့'

'မဟုတ်လို့လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ အင်း… အဲ… ဒါနဲ့ နင်ချီထားတဲ့ ကလေးက'

စကားအဆုံး နင့်မျက်နှာက အရောင်ပြောင်းလာတယ်။

'အဲဒါလား၊ ငါ့ရဲ့…'

'ဘာ နင့်ရဲ့၊ ဟုတ်လား'

နင့်စကားကြောင့် ငါ အလန့်တကြားဖြစ်သွားတယ်။

'ဟုတ်တယ်၊ နင့်ဟာလေ ကြောင်တောင်တောင်နဲ့၊ စကားဆုံးအောင်တော့ နားမထောင်ဘူး'

ဒေါသသံလေးစွက်နေတဲ့ စကားကြောင့် ရှေ့ကလူတွေက ငါ့ကိုလှည့်ကြည့်နေကြတယ်။

BURMESE CLASSIC

'ဘာတွေလဲဟာ၊ ပြော… နားမလည်တော့ဘူး'

ငါက စိတ်ရှုပ်ရှုပ်နဲ့ ခေါင်းကုတ်နေမိတယ်။

'ဒီကလေးက ဟောဟို ငါတို့အိမ်နားက အစ်မကြီးရဲ့ကလေး၊ ဟယ်… အဲဒီအစ်မကြီး ဘယ်မှာဆင်းသွားလဲ မရှိတော့ဘူး ဟာ၊ ညဥ့်ယံဦး လုပ်ပါဦး'

ပြောရင်း နင့်မျက်နှာက အတော်အံ့သြသွားသလိုနဲ့ ပြူးပြူးပျာပျာဖြစ်သွားတယ်။

'ဘာလုပ်ရမှာလဲ၊ ငါက…'

ဘာလုပ်လို့လုပ်ရမှန်းမသိ။ ငါလည်း ကြောင်အမ်းအမ်းဖြစ်နေတုန်းမှာပဲ။

'ရော့… ကလေး၊ မြန်မြန်ခေါ် ဆင်းကြရအောင်'

ပြောပြောဆိုဆိုနဲ့ နင်က ချီပွေ့ထားတဲ့ ကလေးကို ငါ့လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေးတယ်။ ငါက ကမန်းကတန်းနဲ့ ကလေးကို လှမ်းယူကာ ချီပွေ့ထား လိုက်တယ်။

'ဒီမှာ… ဗျို့ ကားဆရာကြီး… အရေးကြီးလို့ ခဏရပ်ပေး ပါဦး'

နင်က ထိုင်ရာက ဆတ်ခနဲထလိုက်ပြီး ကားဆရာကို အကူ အညီတောင်းတယ်။

'မှတ်တိုင်မဟုတ်ဘဲ ရပ်လို့မရဘူး၊ အဖမ်းခံရလိမ့်မယ်'

'ဟာ… ဒုက္ခပဲ၊ အတန်းတက်ဖို့ မီမှာမဟုတ်တော့ဘူး'

ညှိုးငယ်စိတ်ကြောင့်လား၊ ဒေါသစိတ်ကြောင့်လား မသိဘူး။ နင့်နှုတ်ခမ်းလေးတွေက တဆတ်ဆတ်တုန်ကာ မျက်ရည်တွေ ချက်ချင်း ဝိုင်းတက်လာတာကို ငါငေးကြည့်နေမိရင်း ငါလည်း ဘာလုပ်ရမလဲ ဆိုတာကို မစဉ်းစားတတ်တော့ဘူး ကြယ်စင်ပြုံး။

ဒါနဲ့ တမာကုန်းမှတ်တိုင်ရောက်တော့ ကားကရပ်ပေးတယ်။ ကားရပ်တော့ နင်နဲ့အတူ ငါက ကလေးကိုတစ်ဖက်ချီပွေ့ထားရင်း ကားပေါ်က ကမန်းကတန်းဆင်းနဲ့ ဆင်းလိုက်တယ်။

'ကြယ်စင်ပြုံး'

'ဘာလဲ'

'နင် ဘာဖြစ်နေတာလဲဟာ'

'မသိဘူးလား'

'သိပါတယ်၊ ဒါပေမဲ့ ဒါမျိုးဆိုတာက ဖြစ်တတ်ကြတတ် တာပဲ၊ တချို့ဆို ထမင်းချိုင့်တွေ၊ ဆွဲချင်းတွေ ပေးထားပြီး



www.burmeseclassic.com

www.burmeseclassic.com



မေ့သွားတတ်တာမျိုး၊ အများကြီးပဲ၊ ပြောရရင်…'

ငါက နင့်အတွက် ဖြေသိမ့်တွေးနဲ့ တွေးပြီး ပြောလိုက်ပေမယ့် နင့်ရဲ့မကျေနပ်တဲ့မျက်နှာက ဘွားခနဲ ပေါ်လာပြီး…

'တော်ဟာ၊ ဘာမှမပြောနဲ့၊ ခုဟာက နင်ပြောသလို ထမင်းချိုင့်၊ လက်ဆွဲခြင်း မေ့ကျန်ခဲ့တာမဟုတ်၊ ကလေး…'

'ဒေါသဖြစ်မနေတော့နဲ့ဟာ၊ သူတို့အိမ် နင်သိတယ် မဟုတ်လား'

ငါက ကလေးကို တစ်ဖက်ချီပွေ့ထားရင်း ခေါင်းငုံ့ချကာ ငြိမ်သက်နေတဲ့ နင့်ပခုံးကိုကိုင်ကာ ပြောလိုက်တယ်။

'အင်း…'

'ပြီးတာပဲ၊ ဒါဆို လာ သွားကြတယ်'

'ကားမှမလာသေးတာ၊ ဘာနဲ့သွားမှာလဲ၊ သူ့အိမ်က ပေါက်တောဝမှာ'

ဒီစကားကြောင့် ငါက ကလေးကိုပွေ့ချီထားရင်း နင်နဲ့အတူ တူ ကားမှတ်တိုင်မှာ တွေတွေကြီး မတ်တတ်ရပ်ကာ ကားစောင့်နေမိကြတယ်။

'ကြာလိုက်တာ ကားကလည်း စိတ်မရှည်တော့ဘူး'

'လမ်းလျှောက်သွားမလို့လား ဒါဆို'

'အဝေးကြီး'

နင့်စကားဆုံးတော့ လက်ထဲမှာ ချီပွေ့ထားတဲ့ ကလေးက ငါ့မျက်နှာကို မော့ကြည့်ရင်း တဝါးဝါးနဲ့ ဒိုပါလေးရော။



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ရမလဲ။

'ဟဲ့… ညည့်ယံဦး ကလေးက ငိုလိုက်တာ၊ ဘာလုပ်လိုက်လဲ နင်'

မယုံသင်္ကာသလို ငါ့ကို မျက်မှောင်ကြုတ်ကြည့်ကာ နင်က မေးတယ်။

'ဘာမှမလုပ်ရပါလား၊ ငါလည်း သူ့ဘာသာသူ ငိုတာဟ၊ မယုံရင်မေးကြည့်'

'မေးကြည့်လို့ရမလား၊ ကလေးက စကားမှ မပြောတတ်သေးတာပဲ၊ ငယ်ငယ်လေးရှိသေးတာ၊ မဟုတ်တာမပြောစမ်းနဲ့ မယ်'

'သိပြီ ဒါဆိုရင်တော့'

နင့်ကို တောင်းပန်တိုးလျှိုးမှုအကြည့်မျက်ဝန်းမျိုးနဲ့ ငါက ပြောလိုက်တယ်။

'ဘာသိတာလဲ'

နင်ရဲ့မျက်ဝန်းပေါ်က အရေးအကြောင်းတွေ ပျော့ပျောင်း ပြောင်းလဲသွားတယ်။

'ဟိုဟာလေဟာ နို့ဆာလို့ဖြစ်မှာပေါ့၊ မဟုတ်ဘူးလား၊ ဒီတော့ နို့တိုက်လိုက်'

'ဘာ…'

နင့်ရဲ့ ကြုံးအော်လိုက်တဲ့အသံကြောင့် ငါ လိပ်ပြာလွင့်မတတ် ဖြစ်သွားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဆောရီး… ဆောရီး… နင့်ကိုပြောတာမဟုတ်ဘူး ကြယ်စင်ပြုံး'

'ဒါဖြင့် နင်ဘာသာနင် သွားလိုက်ရှာပြီး နို့တိုက်လိုက်'

အဲဒီအချိန်မှာပဲ မှတ်တိုင်မှာ ကားစောင့်နေတဲ့ အဒေါ်ကြီးနှစ်ယောက်က ဝင်ပြောတယ်။

'ကလေးက နို့ဆာလို့ ငိုနေတာ ထင်တယ်၊ ဒီမှာပဲထိုင်တိုက်လိုက်ပါ သမီးရယ်'

'သားဦးနဲ့ တူတယ်၊ မအေက အပြင်မှာ နို့တိုက်ရမှာ ရှက်နေတာလား'

'ကလေးက သနားပါတယ် သမီးရယ်၊ ဒီမှာ အဒေါ်တို့နှစ်ယောက်ပဲရှိတာ၊ မရှက်ပါနဲ့၊ လာ… လာ… ဒီနားမှာ ထိုင်တိုက်'

အဒေါ်ကြီးတွေက အဆက်မပြတ်ပြောနေပေမယ့် နင့်မျက်နှာကြည့်လိုက်တော့ သပြေသီးမှည့်အရောင်ဆီကို တဖြည်းဖြည်းပြောင်းလာနေတာ တွေ့ရတယ်။

ငါကတော့ အခြေအနေဆိုးပြီဆိုတာ သိလိုက်ပြီ။ ကလေးကလည်း ရှူးရှူးဝါးဝါးအော်ငိုလို့ ကောင်းတုန်းပေါ့။

အဲဒီအချိန်မှာပဲ နင်က ဖျတ်ခနဲ နောက်လှည့်ပြီး ဘောက်ဆတ်ဘောက်ဆတ်နဲ့ လျှောက်သွားတယ်။

ဘာမပြော ညာမပြော ထွက်သွားတဲ့ နင့်ကိုကြည့်ရင်း မလှမ်းမကမ်းမှာရှိတဲ့ လက်ဖက်ရည်ဆိုင်ကို သွားတာ သိရလို့ ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ပွေ့ရင်း ပြေးလိုက်ရတော့တယ်။

ဆိုင်ကိုရောက်တဲ့အချိန်မှာ နင့်မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီး နင့်ဘေးမှာ အသာအယာဝင်ထိုင်ရတယ်။ နင်က နွားနို့တစ်ခွက်မှာထားပြီးပြီ။

နွားနို့ခွက်ရောက်လာလို့ ပန်းကန်ပြားထဲ ငှဲ့ထည့်ပြီး အေးအောင်မှုတ်နေတုန်းမှာ…

'ကလေးကို တိုက်မလို့နဲ့တူတယ်၊ အဆင်မသင့်ရင် ဝမ်းသွားတတ်တယ်ကွဲ့'

'နင်က ဘာလုပ်နေတာလဲ၊ ကလေးကိုတိုက်မှာဖြင့် မြန်မြန်တိုက်လေ'

ဆိုင်ရှင်အဒေါ်ကြီးနဲ့ နင့်ရဲ့စကားကြောင့် ဘာလုပ်ရမှန်း မသိဘဲ ကြောင်တောင်တောင်ဖြစ်နေတုန်းမှာပဲ…

'ကလေးအမေ ကိုယ်တိုင်ပါတာပဲကွယ်၊ ဘာလဲ အပြင်မှာ နို့တိုက်ရမှာ ရှက်နေလို့လား၊ လာ… သမီး… အဒေါ့်ဆိုင်အတွင်းခန်းမှာ လာထိုင်တိုက်လိုက်ပါ၊ ကလေး… သနားပါတယ်ကွယ်'

ဆိုင်ရှင်အဒေါ်ကြီးစကားကြောင့် နင်က ဆတ်ခနဲထရပ်ပြီး ဆိုင်အပြင်လမ်းမပေါ် ထွက်သွားပါတော့တယ်။ အဆင်သင့်ရောက်လာတဲ့ အငှားယာဉ်တစ်စီးကို တားပြီး စကားပြောနေတဲ့နင့်ကိုကြည့်ရင်း ထိုင်ရမလို ထရမလိုဖြစ်နေတဲ့ ငါ့ကို…

'နင်က အဲဒီမှာ ဘာထိုင်လုပ်နေတာလဲ၊ ဒီကိုမြန်မြန်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တက်လေ’

ငေါက်ဆတ်ဆတ်ပေါ်လာတဲ့ နင့်ရဲ့အသံကြားမှ လက်တစ်ဖက်က ကလေးကိုချီ၊ လက်တစ်ဖက်က လွယ်အိတ်လွယ်ရင်း ကျွတ်ကျွမလိုဖြစ်နေတဲ့ လုံချည်ကိုမပြီး နင်ရှိရာကို ကမန်းကတန်းပြေးရပါတော့တယ်။

နင့်ရဲ့စကားကိုလည်း မလွန်ဆန်ရဲ။ နင့်ရဲ့မျက်နှာကိုလည်း မော့မကြည့်ရဲ။ နင်နဲ့ပတ်သက်ရင် ငါ့အချစ်ရဲ့ကံဆိုးမှုက အဲဒီလို ခဏခဏ အဆင်သင့်ဖြစ်နေတတ်ပါလား ကြယ်စင်ပြုံး…။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## ခုနှစ်...

ဒီလိုနဲ့... ကိုယ့်ချစ်သူကို ကိုယ်သိပ်ချစ်တတ်သွားအောင် လုပ်တတ်ကြတဲ့အထဲမှာ ငါတစ်ယောက်လည်း အပါအဝင်ပေါ့။ တကယ် စဉ်းစားကြည့်မိတော့ နင်က ငါ့ကိုချစ်အောင်လုပ်ခြင်းထက် ငါက ငါ့ကိုယ်ငါ နင်မချစ်ချစ်အောင် လုပ်နေရခြင်းက ပိုပြီးများပါတယ် ကြယ်စင်ပြုံး...။

အဲဒီလို တွေးနေရတာကိုကပဲ နင့်ကို စွဲလန်းတပ်မက်မှုတွေကြောင့်ပဲ မဟုတ်လား ကြယ်စင်ပြုံး။

'ဟေ့ကောင်... ညဥ့်ယံဦး မနေ့က မင်းနဲ့ကြယ်စင်ပြုံး တမာကုန်းမှတ်တိုင်မှာ မင်းက ကလေးလေးကို ပွေ့ချီထားပြီး ဘာလုပ်နေကြတာလဲ၊ အတန်းလည်း မတက်ဘဲနဲ့၊ ကားပေါ်ကနေ ငါမြင်တယ်၊ ဘာလဲ ကလေး ခိုးပြေးလာကြတာလား'

ရှူးစမ်းတဲ့မျက်လုံးနဲ့ ငါ့ကိုကြည့်ရင်း အောင်ကျော်ဦးက မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး၊ မင်းပြောသလို'

'ဒါဖြင့် ဘယ်က ကလေးတောင်းလာကြတာလဲ'

စိန်တိုးက သူ့မေးစေ့ကို လက်နဲ့ပွတ်စဉ်းစားရင်း ပြောပြန်တယ်။

'ဒါလည်းမဟုတ်ဘူး၊ ပြောပြရင် မင်းတို့ရယ်ကြမှာသိလား'

'ဘာကိုလဲ'

အောင်ကျော်မိုးက မျက်ခုံးတွန့်ကာ မေးတယ်။

'ဒီလောက်သိချင်ရင်လည်း ပြောပြမယ်၊ ငါနဲ့သူနဲ့ ကျောင်းကိုအလာ သူက ကားပေါ်မှာ ကားကလည်းကြပ်တော့ သူ့အသိ အစ်မကြီးတစ်ယောက်ရဲ့ ကလေးကို သူကကူညီပြီး ခေါ်ထားပေးတယ်တဲ့ကွာ၊ ဒါပေမဲ့ အဲဒီအစ်မကြီးက ဘယ်မှတ်တိုင်မှာ ဆင်းသွားလည်း မသိဘူး၊ ကလေးကိုတော့ မေ့ထားပစ်ခဲ့တယ်လေ'

'ဘာ... ကလေးကို မေ့ထားပစ်ခဲ့တယ် ဟုတ်လား၊ ပြဿနာပဲ'

ငါ့စကားဆုံးခင်မှာ အောင်ကျော်မိုးက အပြစ်တင်သံနဲ့ ပြောတယ်။

'ဟုတ်တယ်၊ အဲဒီပြဿနာကြောင့် ငါရော သူရော အတန်းမတက်ဖြစ်တော့ဘူး၊ တော်သေးတာပေါ့ကွာ'

'ဘာဖြစ်လို့လဲ'

'ကလေးအမေရဲ့အိမ်ကို သူက သိလို့ပေါ့၊ နို့မဟုတ်ရင်တော့



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပြဿနာက ခေါင်းကိုက် အကြောတက်၊ ရင်တုန်စရာ ကြီး'

'ဒီလောက်ကြီးဖြစ်စရာ မလိုပါဘူးကွာ၊ ဘာဖြစ်သေးလဲ၊ ကလေးအမေ့အိမ်မသိတော့ မင်းတို့နှစ်ယောက် စပ်တူ မွေးစားထားလိုက်ကြပေါ့၊ မဟုတ်ဘူးလား ဟား… ဟား… ဟား'

စိန်တိုးစကားဆုံးတော့ အားလုံးက သဘောကျစွာနဲ့ ဝိုင်းရယ်ကြတယ်၊ နို့မှို့ကြောင့် ပြောတာပေါ့။ နင်နဲ့ပတ်သက်ပြီး ငါ့အချစ်ရဲ့ ကံဆိုးမှုတွေက ရယ်စရာတွေနဲ့ပဲ ရုပ်ပြည့်လျှံခဲ့ရတာ ခဏခဏပဲ ကြယ်စင်ပြုံး…။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

၇၄

'ကြယ်စင်ပြုံး… ဟိုနေ့က ကလေးလေးက ချစ်စရာလေး နော်'

နင့်မျက်နှာရာသီဥတုကိုကြည့်ရင်း ငါက ပြုံးစစနဲ့ပြောတယ်။

'ဘာဖြစ်လဲ အဲဒါ'

နင်က ပြောရင်း မျက်နှာကိုတစ်ဖက်လှည့်ထားတယ်။

'မေးကြည့်တာ'

'မလိုဘူးမေးစရာ၊ နင်ချစ်ရင် နင့်အမေကို သွားပြန်မွေး ခိုင်းလိုက်'

သွားပြီ။

ကြယ်စင်ပြုံးပြောလိုက်တဲ့ စကားကြောင့် အကြီးအကျယ် စိတ်ဓာတ်ကျသွားပြီ။ ဘာလို့လဲဆိုတော့ ငါက နင့်ရဲ့အချစ်စိတ်ကို စန္ဒယားဆရာတစ်ယောက် လက်ကွက်စမ်းကြည့်သလို အကဲစမ်းကြည့် တာ။ ငါမေးလိုက်သလို နင်ကလည်း ဟုတ်တယ် ချစ်စရာကောင်း လိုက်တာ ကလေးလေးက။ အဲဒီလို ပြန်ပြောမလားလို့။ ပြောလာခဲ့ရင် နင်ရော အဲဒီလိုကလေးမျိုးမလိုချင်ဘူးလား။ ဘာလား ညာလားနဲ့ ငါ့အချစ်ကိုလမ်းကြောင်းဖို့။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သွားပြီ။ နှင့်စကားကြောင့် ငါဘာပြောရမှန်း မသိ တော့သလို ဖြစ်သွားတယ်။

ပြီးမှ အကြောအချဉ်တွေကို တဖြည်းဖြည်းလျှော့ချရင်း…

'ကြယ်စင်ပြုံး'

လို့ မျက်နှာချိုသွေးကာ တိုးတိုးလေး ခေါ်လိုက်မိတယ်။

'ခဏ ခဏခေါ်နေတာပဲ၊ ဘာပြောမလို့လဲ'

'ငါပြောထားတာလေဟာ၊ နင် စဉ်းစားပြီးပြီလား'

ဒီတစ်ခါတော့ ကွေ့ပိုက် ဝေ့မနေတော့ဘဲ ငါ့အချစ်ဒီဂရီက တရိပ်ရိပ်နဲ့ တွန်းထိုးတက်လာတယ်။

'စဉ်းစားချိန်ကို မရသေးပါဘူး၊ ကျောင်းတက်ရ အိမ်မှာလည်း ချက်ရ ပြုတ်ရ လျှော်ရဖွပ်ရနဲ့ တစ်နေ့တစ်နေ့ မအားဘူးဟ၊ အားရင် ငါ စဉ်းစားပေးပါ့မယ်'

'ဘယ်တော့ကျမှ နင်က အားမှာလဲ'

'အတိအကျတော့ ပြောလို့မရသေးဘူး၊ ဒါကတော့…'

ငါက ချစ်တဲ့စိတ်ဘက်ကို မျက်နှာမူထားပေမယ့် နှင့်အချစ် စိတ်က ငါ့ရင်ဘက်ပေါ် ပြေးခုန်တက်မလာဘူး။ သူငယ်ချင်းတွေ ပြောသလို ကြိုးရှည်ရှည်နဲ့ လွှတ်ထားခံရတဲ့ကောင် ဖြစ်နေပြီလား အတွေးနဲ့အတူ စိတ်ကိုလျှော့ချလိုက်တော့ ဝမ်းနည်းခြင်း၊ ကြေကွဲ ခြင်း၊ အားငယ်ခြင်းတွေက ရင်ထဲမှာ ဖျတ်ခနဲ ဖျတ်ခနဲ…

'ငါပြောတာနဲ့ စိတ်ဓာတ်ကျသွားပြီလား ညဦးပိုင်း'

မျက်မှောင်ကြုတ်ကာ ပြန်မေးလိုက်တဲ့ နှင့်စကားကြောင့် ‹



www.burmeseclassic.com

www.burmeseclassic.com



အတော်လေး အံ့သြအားတက်လာမိတယ်။

'..................'

ငါက ဘာမှပြန်မပြောဘဲနဲ့ နင့်မျက်နှာကို အားကိုးတကြီးနဲ့ မော့ကြည့်တယ်။

'မြန်မြန်စဉ်းစားပေးပါ့မယ်၊ ကျေနပ်ပြီ မဟုတ်လား'

ရင်တထိတ်ထိတ်နဲ့ နင့်မျက်နှာကို မော့ကြည့်မိတော့ နင့်မျက်နှာပေါ်မှာ ကရုဏာရိပ်လေးသန်းလာတယ်။ နင့်စကားရဲ့ ပင့်တင်ဆောင့်တိုးလိုက်မှုကြောင့်လည်း စိတ်ရော၊ ကိုယ်ပါ လေထဲလွင့်ခနဲ မြောက်သွားသလို ခံစားလိုက်ရတယ်။

ခုချိန်မှာတော့ မကျေနပ်ဘူးဆိုတဲ့ စကားထဲက ငါရုန်းမထွက်ရဲပါဘူး။ အခုချိန်မှာတော့ ငါ့ချစ်ခြင်းတရားဟာ နင့်လက်ခုတ်ထဲက ရေပါ ကြယ်စင်ပြုံး...။

♥ ♥ ♥




www.burmeseclassic.com

www.burmeseclassic.com

# ရှစ် . . .

စိတ်ကူးတွေက
ကိုယ်ဖော့ပြီးသစ်ရွက်ကြွေလိုလွင့်



ချစ်သူ့ပါးပြင်ပေါ်မှာ—
အကြောင်နာတွေလမ်းချော်

အဝေးရောက်အမှာစကားတွေက
ခဏခဏ နာဖျား... ‘မေနံ...

စိတ်ကူကိုယ်မှူ ...
နလုံးသားတံခါးအဝင်ဝမှာ—
အလွမ်းတွေက ခဏခဏကြွေတာပဲ—



www.burmeseclassic.com

www.burmeseclassic.com

ကိုး . . .

ကြယ်စင်ပြုံး . . .

နှင်နဲ့မတွေ့ရတဲ့ ကျောင်းပိတ်ရက်တွေမှာ မနေဂတ် မထိုင်တတ်တဲ့ ငါ့ရင်ထဲမှာ ပူစပ်ပူလောင်ကြီးဖြစ်နေမိတယ်ဟာ။ နှင့်ကိုလွမ်းတဲ့စိတ်ကလည်း ပေါက်ပေါက်ဖောက်သလို ငါ့နှလုံးသားကိုဇကာပေါက်တွေဖြစ်လို့ . . .

နှင်နဲ့ဝေးနေရတဲ့အချိန်တွေက ငရဲခံနေရသလိုပဲကြယ်စင်ပြုံး။ နှင်ရော ငါ့လိုပဲလား။ ငါ့အတွက်ရော စဉ်းစားပြီးပြီလား။ နှင့်နှလုံးသားရှိရာ အရပ်မှာတော့ ငါ့အချစ်သစ်ပင်လေး ရှင်သန်နေချင်တယ် ကြယ်စင်ပြုံး။

နှင့်မျက်ဝန်းထဲမှာ ရက်စက်ချင်တဲ့စကားလုံးတွေကို စိုက်ပျိုးမထားပါနဲ့။ နှင့်ကိုသတိရမှု စိတ်တွေကလည်း ဝှန်းခနဲငါ့ရင်ထဲ ခုန်ဝင်လာလိုက် ပြန်ထွက်သွားလိုက် နှင့်မျက်နှာကို မြင်တွေ့ချင်နေတဲ့ငါ့စိတ်ကူးတွေက လေထဲမှာ တလွင့်လွင့် . . .

အခုချိန်မှာ နှင်ဘယ်မှာရှိနေမလဲ။

www.burmeseclassic.com

www.burmeseclassic.com



၂၁၁ ဒေဝူးကားကို ဂိတ်စဂိတ်ဆုံးစီးပြီး ရှာကြည့်မိတယ်။ ရုတ်တရက် ထင်မှတ်မထားဘဲ ဆူးလေးလမ်းမကြီးပေါ်မှာ ညနေရီဖျိုးစ နှင့်နဲ့လူကြီးတစ်ယောက် အတူတူလျှောက်သွားတာကို ငါလှမ်းမြင်လိုက်ရလို့ ကမန်းကတန်း ကားပေါ်ကဆင်းပြီး ပြေးလိုက်လာခဲ့မိတယ်။

'ကြယ်စင်ပြုံး… ကြယ်စင်ပြုံး… ကြယ်စင်ပြုံး'

'ဘာလဲ'

နောက်ကနေလိုက်ခေါ်သံကြောင့် နှင်က ဖျတ်ခနဲ ရပ်လိုက်ပြီး ငါ့မျက်နှာကို ခပ်တည်တည်ကြီးနဲ့ ကြည့်ကာ အော်လိုက်တယ်။ လေသံကပြောင်းလဲမာထန်လွန်းလှပါလား။

'ဘာကိစ္စ ခေါ်တာလဲ'

နှင့်ဘေးမှာ ရပ်နေတဲ့ လူကြီးက ငါ့ကိုအစိမ်းလိုက်ဝါးစားတော့မလို ကြည့်ရင်း မေးတယ်'

'ကျွန်တော့်သူငယ်ချင်း ကြယ်စင်ပြုံး တွေ့လို့'

'ဘာဖြစ်လဲ၊ အဲဒါ တွေ့တော့'

လူကြီးရဲ့မျက်လုံးတွေက စွန်ရဲတစ်ကောင်လို ငါ့မျက်နှာပေါ်မှာ ပျံဝဲချောင်းမြောင်းနေတယ်။ နှင့်မျက်နှာကို ငါမော့ကြည့်တော့ နှင်က မျက်လွှာချကာ ခေါင်းငုံ့ထားတယ်။

'ဟို… ဟို… မေးစရာလေးရှိလို့ပါ'

အသက်ကို ပင့်ရှူကာ အသံကိုမထွက်ထွက်အောင် ညှစ်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အလကား‥ ဘာမှမမေးစရာအကြောင်းမရှိဘူး၊ သူက သိပ် စိတ်မမှန်ဘူး၊ ဒီလိုပဲ တစ်ခါတစ်ခါ စိတ်ဖောက်ပြီး ပြောချင်တာ လျှောက်ပြောနေတာ၊ သမီးတို့ တစ်ကျောင်းလုံးသိတယ်၊ သွားကြစို့ လာ…'

ကြယ်စင်ပြုံး နင်က ငါပြောမယ့်စကားလုံးတွေကို သဲထဲ ရေသွန်လုပ်ပစ်ရင်း လူကြီးလက်ကို ဖျတ်ခနဲ ဆွဲခေါ်ကာ ငါ့ကိုကျောခိုင်းပြီး လှည့်ထွက်သွားကြတယ်။ ဘယ်လိုဖြစ်ရတာလဲ။ ငါဘာမှ နားမလည်နိုင်တော့ဘူး ကြယ်စင်ပြုံး။

နင်နဲ့ပတ်သက်ရင် ငါ့အချစ်ရဲကံဆိုးမှုတွေက ချွန်ထက်စိမ်းမြ လက်နေတဲ့ ဓားမြှောင်တစ်ချောင်းနဲ့ ချောင်းနေတာကို ခံရသလိုပဲ။ အရာအားလုံးက ငါ့ကို ရယ်စရာတစ်ကောင်လို အစုလိုက် အပြုံလိုက် ကြည့်ငေးနေကြတော့တယ်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## တစ်ဆယ်. . .

'နင်ဟာ အတော်ကို အသုံးမကျတာ'

မျက်ဖွင့်လို့ ဝေးကွာနေတဲ့နင့်မျက်နှာလေးကို လွမ်းလွမ်းဆွေးဆွေးနဲ့ ကြည်နူးစွာ ငေးကြည့်ရမလား။ ငါ့ကိုတွေ့တွေ့ချင်း မတွေ့ရတဲ့ရက်တွေအတွက် တဝကြီးလှစ်ခနဲ ပြုံးပြမလား။ ငါ့အတွက် နှလုံးသားထဲမှာ ထိုးထည့်ထားတဲ့ စဉ်းစားခန်းတွေ စရွေးကိုက်သွားပြီလား။

ထင်ထားတာနဲ့ အခုတော့ တခြားစီ။ ငါ့ကိုမြင်မြင်ချင်း နင်က ကျောကုန်းကို တဘုန်းဘုန်းထုကာ အပြစ်တင်တော့တယ်။

'ဘာအသုံးမကျတာလဲ ငါက'

ငါက ငါ့အပြစ်ကို ငါရှာမတွေ့သလိုပြောတယ်။

'မသိတော့ဘူးလား'

နင့်မျက်စောင်းက ငါ့မျက်နှာတည့်တည့်ကို ထိုးစိုက်လိုက်တယ်။

'ဘာသိရမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျောင်းပိတ်တုန်းကလေ အဲဒါ'

'အဲဒါ နင့်ဖားသားကြီးလား'

ငါက နင့်စကားကို ဖြတ်ပြောဝ၊ယ်။

'အားကြီးကြီး ဟုတ်မယ်'

နှာခေါင်းကို တမင်ရှုံ့ပြကာ နင်ကပြောတယ်။

'ဒါဖြင့်ဘာလဲ'

'အေးအေးဆေးဆေးမှ ပြောပြမယ်၊ ငါအခု အတန်းတက်စရာ ရှိသေးတယ်၊ မနက်ဖြန် ပန်းခြံကစောင့်နေ၊ ငါသွားမယ်'

'အိုကေ'

ဒီတစ်ခါတော့ နင်နဲ့ပတ်သက်ပြီး ငါ့အချစ်ရဲ့ကံဆိုးမှုတွေက နည်းနည်းလေး မျက်နှာသာပေးသလိုပဲလို့ တွေးမိတယ်။

မနက်ဖြန် ပန်းခြံကစောင့်နေတဲ့။ မနက်ဖြန် ငါ့ခံစားမှုတွေကို ရင်ဘတ်ဆွဲဖွင့်ကြည့်လိုက်တဲ့အခါ ငါ့နှလုံးသားက တဆတ်ဆတ်ခုန် အေးစက်သွားတယ်။

ပန်းခြံထဲက ကျောက်ပြားခုံတန်းရှည်လေးပေါ်မှာ နင်နဲ့ငါ အတူတူထိုင်ကြရင်း ငါက နင့်ရဲ့လက်ဖဝါးလေးကို တယုတယ ကိုင်ထား… နင်က ငါပခုံးစွန်းလေးပေါ်မှာ ခေါင်းလေးမှီ မေးတင်ထား၊ ဝေ့ဝဲကျလာတဲ့ နင့်ရဲ့ဆံနွယ်ရှည်တွေကို ငါက ပြန်သပ်တင်ပေး၊ နင့်မျက်နှာပေါ်ကို ငါ့မျက်နှာအရိပ်ကမိုးထားပြီး ခ္ခီး… ခ္ခီး… ခ္ခီး…။

'ဟာ… ဟော့ကောင် ညဥ့်ဦးယံ' ဝက်ရူးပြန်နေတာလား တခ္ခီးခ္ခီးနဲ့'



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် လက်ဖက်ရည်ဆိုင်ထဲဝင်လာတဲ့ သူငယ်ချင်းတွေက ငါ့ကို ဝက်ရူးပြန်နေတယ်ထင်ပြီး ပြောပြောဆိုဆိုနဲ့ ဟိုနှိပ်ဒီချိုး ဟိုဖဲ့ ဒီကိုင် နည်းမျိုးစုံလုပ်ကြတော့တယ်။

'အား... နာတယ်ဟ၊ ဘာလုပ်ကြတာလဲ'

ငါက ခုန်ဆွခုန်ဆွနဲ့ ကုန်းအော်တယ်'

'မင်း ဝက်ရူးပြန်နေလို့ တို့ကလုပ်ပေးနေတာ၊ စေတနာနဲ့'

ဒီကောင်တွေက ဖွတ်အတင်းပြော၊ ဖွတ်အတင်းလုပ်...

'အား... မလုပ်နဲ့၊ ဘာမှမလုပ်ကြနဲ့၊ ငါ ဝက်ရူးပြန်နေတာမဟုတ်ဘူး၊ အချစ်ရူးပြန်နေတာကွ ဟား... ဟား... ဟား'

အဲဒီလို ငါက ကမန်းကတန်း ပြောလိုက်တော့မှ ဒီကောင်တွေက ငါ့ကိုအံ့ဩသလို မျက်လုံးပြူးပြဲပြီး ကြည့်နေကြတယ်။

'ဘာ... အချစ်ရူးပြန်တာ ဟုတ်လား'

စိန်တိုးအမေးကို ငါက လှစ်ခနဲပြုံးပြမိတယ်။

'ဟုတ်တယ်၊ အချစ်ရူးပြန်နေတာ၊ အဲဒီအကြောင်းပြောပြလိုက်ရင် မင်းတို့အားလုံး ကမ္ဘာ့အထူးအဆန်းအဖြစ် အံ့ဩသွားလိမ့်မယ်။

'လုပ်စမ်းပါဦး'

ငါ့စကားကြောင့် ဒီကောင်တွေအားလုံး ငြိမ်ကျသွားတယ်။

'ဒီလိုကွ၊ ငါ့ကို ကြယ်စင်ပြုံးက မနက်ဖြန် ပန်းခြံကစောင့်နေတဲ့ ဟီး... ဟီး... ဟီး...'

'ဟား... ဟား... ဟား... ကမ္ဘာ့ကြွေးကြီး'

www.burmeseclassic.com



ငါ့စကားအဆုံးမှာ ဒီကောင်တွေအားလုံးက တညီတညွတ်တည်း ဝိုင်းအော်ကာ ဟားကြတော့တယ်။

'ဟာ… ဟေ့ကောင်တွေ ဟေ့ကောင်တွေ ငါတကယ်ပြောနေတာ၊ မင်းတို့မယုံကြဘူးလား'

'ဘယ်လိုမှ ယုံစရာမရှိပါဘူး ကြွားရယ်'

'ငါ သက်သေပြရင် မင်းတို့ယုံမှာလား'

'ယုံသင့်မှ ယုံမှာပေါ့ကွာ'

'ဒါဆို ငါ သက်သေပြမယ်'

'ပြပါဗျာ၊ ပြပါ၊ ပြလိုက်စမ်းပါ'

'သူနဲ့ငါက ပန်းခြံထဲက ကျောက်ပြားခုံတန်းရှည်လေးပေါ်မှာ အတူတူထိုင်နေကြတယ်ကွာ'

ငါက သူတို့အုပ်စု လက်ဖက်ရည်ဆိုင်ထဲ မဝင်လာသေးခင် ငါစိတ်ကူးယဉ်နေသမျှ သူတို့ကို ပြောပြလိုက်တယ်။

သူတို့တစ်အုပ်စုလုံး ခဏငြိမ်သက်သွားကြတယ်။

ပြီးတော့မှ…

'မင်းကိုချိန်းထားတာက မနက်ဖြန်၊ မနက်ဖြန်မှ ပန်းခြံထဲမှာ မင်းတို့နှစ်ယောက်တွေ့ကြရမှာ မဟုတ်လား၊ မင်းက အခု တွေ့ပြီးတဲ့ ပုံစံမျိုးပြောနေတယ်၊ ငပေါကြီး… မင်း စိတ်ကူးယဉ်ပြီး ပြောနေတာ မဟုတ်လား၊ ဟင်… ငပေါကြီးရဲ့'

'အမ်…'

ငါ့ရဲ့စိတ်ကူးအိပ်မက်ကို တကယ်မှတ်ပြီး သူတို့ကို ပြောမိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပါလား။ ဒါပေမဲ့လေ…

အခုတော့ ငါက ပိုးတုံးလုံးဘ၀ကနေ ရောင်စုံတောင်ပံလေး တပ်ဆင်ထားတဲ့ အချစ်လိပ်ပြာလှလှလေးဖြစ်ရတော့မှာမို့ အရမ်းပျော်ရွှင်နေမိတော့တာပဲ ကြယ်စင်ပြုံး။

ဒါကြောင့်မို့ ဒီနေ့ အမှတ်တရ အဖြစ်နဲ့ နင့်ကို လွမ်းရတဲ့ အလွမ်းတွေကို ဆုတ်ဖြဲလွှင့်ပစ်လိုက်တော့မယ် ကြယ်စင်ပြုံး…။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# တစ်ဆယ့်တစ်. . .

ကြယ်စင်ပြုံး. . .

ဆူးလေပန်းခြံထဲမှာ နှင့်အမှာစကားရဲ့ ညှို့ငင်ဖျားယောင်းမှုကြောင့် ငါ့စိတ်စောမှုတွေက နှင်းစက်တွေလို တဖွဲဖွဲကြွေကျနေတယ်။ နှင့်ရဲ့မျက်နှာလေးကိုလည်း လမင်းလို ကြို့မြင်နေမိတယ်။ ငါ့ရဲ့ စောင့်စားရင်ခုန်သံတွေကတော့ စက္ကန့်နာရီလက်တံလေးထက် အဆတစ်ရာပိုမြန်နေမလားပဲ။

ငါ့နှလုံးသားကတော့. . .

လှပ. . .

နူးညံ့. . .

သိပ်မွှေးတဲ့အချစ်ရဲ့နာမတော်ကို

ချီးမွမ်းလို့ပေါ့။

အချစ်ရဲ့ နွေးထွေးသာယာမှုကို ချိုမြိန်စွာခံစားရမယ့်အချိန်က မိုးကိုမျှော်ရတဲ့ ပိတောက်ပန်းလိုပဲ ဒီလိုနဲ့ ခရေပင်ရိပ်အောက် စိုထိုင်းထိုင်းကျောက်ပြားခုံတန်းရှည်လေးမှာ ငါတစ်ယောက်တည်း တိတ်ဆိတ် ငြိမ်သက်အေးစက်လို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဘေးနားက ခုံတန်းလေးမှာတော့ ဟီးကိုကိုင်ဆောင်းထားတဲ့ ကောင်လေးနဲ့ကောင်မလေးရဲ့ အချစ်ဇာတ်လမ်းကို လှစ်ခနဲ အမှတ်မထင် ငါ ခိုးကြည့်မိတယ်။

ရှက်ရွံ့အားငယ်မှု ဝမ်းနည်းမှုတွေက ခေါင်းငိုက်စိုက်နဲ့ ရင်ထဲဝင်လာတယ်။

မျက်နှာလွှဲပစ်လိုက်တော့ ခံစားမှုတွေက စပ်ဖျင်းဖျင်းနဲ့ တစ်ကိုယ်လုံး ချွေးစေးတွေစိမ့်ထွက်ပျံ့လာတယ်။ အချိန်တွေကို မီးညှိပြီး စီးကရက်တစ်လိပ်လို ဖွာသောက်နေမိတယ်။

တစ်လိပ်... နှစ်လိပ်... သုံးလိပ်...။

စီးကရက်တိုတွေက ငါ့ဘေးနားမှာ ပျံ့ကျဲနေသလို စိတ်မောစရာတွေကလည်း ငါ့ရင်ထဲ လေးလံရှုပ်ထွေးလာတယ်။

မျှော်တော်ယောင်ပတ်ပျိုးနဲ့ လှိုင်ထိပ်ခေါင်တင်...

ဂျစ်ပစီအိပ်မက်နဲ့ ညဥ့်ယံဦး...

မျှော်ပေါ့လေးနာရီနဲ့ ကြယ်စင်ပြုံး...

ငါ့စိတ်ကူးတွေမသေဆုံးနိုင်သေးပါလား...

ညနေရီပျိုးစ ဆူးလေစေတီရဲ့အလှက သပ္ပာယ်ကြည်ညိုစရာ

အိပ်တန်းတက် ငှက်လေးတွေရဲ့အသံက လွမ်းမောဆွတ်စရာ

မုဒ်ဦးရင်ကွဲတွေရဲ့ အော်သံက ကြေကွဲစရာ...

နင့်ကို ဘယ်လိုစိတ်ခံစားမှုမျိုးနဲ့ မျှော်လင့်စောင့်စားရမှာ မလဲ ကြယ်စင်ပြုံး။

ကမ္ဘာဦးကျမ်းထဲမှာတော့ အလင်းကိုနေ့ဟူသော အမည်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ မှောင်မိုက်ကို ညဥ့်ဟူသောအမည်ဖြင့်လည်းကောင်း ခေါ်ဝေါ်သမုတ်တော်မူ၍ ညဦးနဲ့ နံနက်သည် ပထမနေ့ရက် ဖြစ်လေ၏တဲ့။

ငါ့ရဲ့စောင့်စားရတဲ့ ပထမဦးဆုံး အချစ်နေ့ရက်ကတော့ သကြားနဲ့ဆား မှားသွားပြီ ကြယ်စင်ပြုး…။

အခုချိန်မှာတော့ နင်လာမယ် မထင်တော့ပါဘူး။ ဘာဖြစ်လို့ပါလိမ့်။ စိတ်ထဲက အတွေးရောက်ရင်း ဇီးကွက်မျက်လုံးနဲ့ ဟိုကြည့်ဒီကြည့်ကာ မှော်ရုံတောမှာ ရွှေသမင်ကို လိုက်ရှာရတဲ့အဖြစ်မျိုးက ပိတ်မောရင်မော လူမောပါလား ကြယ်စင်ပြုး…။

နင်နဲ့ပတ်သက်ရင် ငါ့အချစ်ရဲ့ ကံဆိုးမှုတွေက ရင်ဝတည့်တည့်ကို မြားအစင်းတစ်ထောင်လို စူးနစ်ဖောက်ထွင်းသွားသလို ခံစားနေရတော့တာပဲ ကြယ်စင်ပြုး…။

နင့်ရဲ့ အနိုင်ယူမှုတွေကို ငါ ခွင့်လွှတ်ကျေနပ်ပါတယ်။ ငါ့ရဲ့ ကံဆိုးမှု၊ ဆုံးရှုံးမှုကိုတော့ ဘုရားသခင်က ဆုံးမဩဝါဒပေးတော်မူပါလိမ့်မယ် ကြယ်စင်ပြုးရယ်…။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## တစ်ဆယ့်နှစ်...

ကြယ်စင်ပြုံး...

နင်နဲ့ပတ်သက်ပြီး ငါ့အချစ်ရဲ့ကံဆိုးမှုတွေကို ဘယ်ကစရေးရမှန်းမသိဘူး။

စရေးချင်တဲ့နေရာက စရေးဆိုပြီး နှလုံးသားရဲ့အချစ် စိတ်က အမိန့်ပေးလိုက်တော့မှ ငါ့နှလုံးသားရဲ့ ခံစားမှုအားလုံးဟာ စကားလုံးတွေတပ်ဆင်ထားတဲ့ ကဗျာတစ်ပုဒ်ဖြစ်သွားတယ် ကြယ်စင်ပြုံး...။

ဖတ်ကြည့်စမ်း... ကြယ်စင်ပြုံး။

ဒါဟာ အပိုင်ဝယ်ပြီး သိမ်းဆည်းထားရင်...

ငါ့နှလုံးသားရဲ့ ပထမဆုံးမိတ္တူကဗျာစာအုပ်လည်းဖြစ်တယ် ကြယ်စင်ပြုံး...။



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်မှု
သီးကင်းနုနုတွေက
ခဏခဏ
တဖြုတ်ဖြုတ်ကြွေကျတာပဲ
ဒါပေမဲ့
အချစ်နဲ့ အိပ်မက်က
အသက်ရှူသံချင်းတစ်ထပ်တည်း
ဆာလောင်မွတ်သိပ်မှုချင်းလည်း
အတူတူပဲ...။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆယ့်သုံး . . .

'ဟဲ့ . . . ညဥ့်ယံဦး'

'ဟာ . . . ကြယ်စင်ပြုံး'

အဲ့ဩတဲ့အာမေဋိတ်သံချင်း တိုးတိတ်တိုက်မိရင်း နှင်းနဲ့ငါ လမ်းချင်းမကြုံပေမယ့် မျက်လုံးအကြည့်ချင်းဆုံခဲ့ရတယ်လေ။

'ဟိုနေ့က ဘယ်လိုဖြစ်တာလဲ၊ အသေအချာပြောထားလျက်သားနဲ့၊ နှင်းဟာလေ၊ ဒေါသဖြစ်ဖို့သိပ်ကောင်းတယ်'

မကျေနပ်သလို ပြောရင်း နှင့်မျက်စောင်းတွေက ငါ့မျက်နှာကို ပျားတစ်ကောင်လို ဝဲပျံတုပ်နေတယ်။

'ဟား . . . အဲဒီနေ့က ငါလာတယ်'

'လာမဖြီးနဲ့၊ ငါစောင့်နေတာ တစ်ညနေလုံးပဲ'

'ဘယ်က နှင်စောင့်နေတာလဲ'

နှင့်စကားတွေကြောင့် ငါ အူကြောင်ကြောင်ဖြစ်သွားတယ်။

'သခင်မြပန်းခြံကလေ၊ နှင့်ကို ပြောထားတာပဲ၊ ပန်းခြံက စောင့်လို့'



www.burmeseclassic.com

www.burmeseclassic.com



နင့်စကားအဆုံးမှာ ငါ သက်ပြင်းတစ်ခုကို ရှက်ရွံ့စွာ ရှိုက်ချမိတယ်။

'အင်း… စောင့်တာပဲ'

'စာင့်ရင်တွေ့မှာပေါ့၊ နင်ဟာလေ ခုထိ ညာဖြီးနေတုန်း'

နင်က ဒီကိစ္စနဲ့ ပတ်သက်ပြီး ငါညာနေတာလို့ စွပ်စွဲတယ်။

'ညာတာမဟုတ်ဘူး ငါက'

စကားကို ဆက်မပြောသေးဘဲ နင့်မျက်နှာ မိုးလေဝသကို တပျာကယာခိုးကြည့်မိတယ်။

'ဘာဖြစ်လဲ ငါက'

နင့်ရဲ့ မကျေနပ်မှု၊ ဒေါသအရှိန်က ဒီဂရီမလျော့သေးဘူး။

'နင်က ပန်းခြံကစောင့်ဆိုတော့ ငါက ဆူးလေပန်းခြံထင်ပြီး အဲဒီက စောင့်နေတာ'

နင်နားလည်ကျေနပ်အောင် ငါက အဖြစ်မှန်ကို ရှင်းပြရတယ်။

'သွားသေလိုက်၊ နင်ဟာလေ တော်တော်အသုံးမကျတာ'

နင်က အပြစ်တင်ဒေါသဖြစ်ကာ ငါ့လက်မောင်းကို လက်သည်းရှည်ရှည်ချွန်ချွန်နဲ့ ဆွဲဆိတ်တယ်။

'အား… နာလိုက်တာ'

'သေလိုက်၊ ဒီလောက်တုံးတာ'

'သိဖူးလေဟာ၊ ငါက ပန်းခြံဆိုတော့ ဒါပဲထင်တာပေါ့၊ ကို့ ၂၁ ကားဂိတ်နဲ့လည်း နီးတာကိုး'

'နီးတာသိတယ်၊ ဒါပေမဲ့ အဲဒီကားဂိတ်ကို ငါဟာလို့မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ငါ့အဖေရဲ့အသိမိတ်ဆွေရှိတယ်၊ သူက ဂိတ်မှူး၊ နို့မို့ ကြောင့် နင့်ကို ငါက သခင်မြပန်းခြံချိန်းတာ'

ပြောရင်း နင့်ရဲ့ပါးလျှနီထွေးတဲ့ နှုတ်ခမ်းလေးက ရှေ့ကို ချွန်ထွက်လာတယ်။

'ပြောပါလား၊ စောစောက အဲဒီလို'

'နင်ကလည်း မေးပါဦးလား၊ သေသေချာချာ ခုတော့ ဟင်း… ဟင်း… ပြောလိုက်ရရင်'

'သိပါတယ်၊ မပြောပါနဲ့တော့၊ ဒီလိုဖြစ်တာ ငါအသုံးမကျ လို့'

'နင့်ကိုယ်နင်သိရင် ပြီးတာပဲ'

'ငါ့ကိုယ်ငါ သိပါပြီ၊ နင့်ကိုယ်နင်ရော စဉ်းစားပြီးပြီလား ကြွယ်စင်ပြုံး'

မျက်နှာသာပေးတဲ့နင့်မျက်နှာလေးကို ကြည့်ရင်း ငါ့စိတ်တွေ နေသာထိုင်သာရှိလာတယ်။

'အဲဒါ ပြောချင်လို့ နင့်ကို ပန်းခြံကစောင့်ခိုင်းတာ၊ နင်က တစ်ခါမှ အချိုးမပြေဘူး၊ ကြောင်တောင်တောင်နဲ့၊ ဒီတစ်ခါ ဆိုရင်တော့ နင်နဲ့ငါ ဇာတ်လမ်းပြတ်ပြီမှတ်၊ မနက်ဖြန်ကျရင် ငါ့ကို လှည်းတန်းမှတ်တိုင်က စောင့်၊ ငါလာခဲ့မယ်၊ ငါ ရောက်မှ တစ်နေရာရာသွားကြမယ်၊ နို့မဟုတ်ရင် နင်က အကြောင်းကြောင်းရယ်၊ ငါသွားမယ်၊ ဟိုမှာ စိန်တို့အဖွဲ့ လာနေပြီ၊ တွေ့လား'



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနဲ့ တောင်ပံမဲ့စွာ ပျံသန်းသွားတဲ့ နှင့်ခြေသံလေးက ငါ့နဲ့ကွာဝေးသွားတယ်။ ဒီတော့မှပဲ နှင်နဲ့ပတ်သက်ပြီး ငါ့အချစ်ရဲ့ ကံဆိုးမှုတွေက ဝမ်းနည်းစွာ ကွဲကြေစွာ၊ ဖြေကျေနပ်စွာနဲ့ ငါ့ခန္ဓာကိုယ် တစ်ခုလုံးပေါ် ကို ပြိုလဲပိကျလောင်ကျွမ်းလာတော့တယ်။

ကမ္ဘာပေါ်မှာ ရှာလို့မတွေ့နိုင်အောင်ပဲ ချစ်လို့မဝနိုင်ပါလား ကြယ်စင်ပြုံးရေ···။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆယ့်လေး . .

ကြယ်စင်ပြုံး . . .

ငါ့အချစ်ရဲ့ ဟံဆိုးမှုတွေကို ဒီနေ့တော့ အတိုးသတ်ပြန်ဆပ်ရမယ့်နေ့လို့ သတ်မှတ်ရတော့မှာပဲ။ နင်မှာထားတဲ့အတိုင်း ငါ့ရဲ့ရင်ခုန်သံတွေကို ခပ်ပြင်းပြင်းခုတ်မောင်းပြီး လှည်းတန်းမှတ်တိုင်မှာ ဆင်းလိုက်တယ်။

ဒီနေ့တော့ ကျူးပစ်က ချစ်စရာကောင်းတဲ့ ကြယ်စင်ပြုံးနဲ့ ငါ့ကိုဆုံတွေ့ပေးမလား။ အရင်လိုပဲ အံ့သြစရာကောင်းလောက်အောင် လွဲချော်မှားယွင်းမှု အမျိုးမျိုးနဲ့ နောက်ပြောင်ကျီစယ်ဦးမလား။

ငါ့ရဲ့အချစ်တွေကတော့ နှလုံးသားကိုလှပစွာ လှုပ်ယိမ်းကစားနေတယ် ကြယ်စင်ပြုံး။

ငါ့အချစ်က နင်လျှောက်လှမ်းမယ့် လမ်းမတစ်နေရာမှာ၊ ငါ့အချစ်က နင်စီးလာမယ့် ကားတစ်စီးပေါ်မှာ၊ ငါ့မျက်လုံးအကြည်တွေကို ဘာသာပြန်ကြည့်မိတော့ နှုတ်ခမ်းပေါ်မှာ စကားလုံးတွေ ဖွဖွလေး ပွင့်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော… ဟိုမှာ ကြယ်စင်ပြုံး လာနေပြီ'

'ကြာပြီလား၊ စောင့်နေတာ'

လှုပ်ယိမ်းနွဲ့နေတဲ့လည်တိုင်က ဆံမျှင်တွေကို ဖျတ်ခနဲ လက်နဲ့ပင့်တင်ရင်း မေးတယ်။

'နင်နဲ့တွေ့ရမယ်ဆိုရင် တစ်ညလုံး အိပ်စောင့်မှာ'

ပန်းပွင့်လေးထဲက ဝတ်မှုန်လေးပေါ်မှာ တောင်ပံလေးတစ်ဖျပ်ဖျပ်နဲ့နားတော့မယ့် လိပ်ပြာလေးတစ်ကောင်လို ရင်ခုန်ကြည်နူးစွာနဲ့ ငါပြောတယ်။

'သေလိုက်ပါလား'

နင်ပြောလိုက်တဲ့ လေသံဖျော့ဖျော့နဲ့ မျက်စောင်းနုနုအဓိပ္ပာယ်ကို ငါသိလိုက်ရတယ်။

'ပိုလိုက်တာ၊ နင်ဟာလေ…'လို့ …

အဲဒါမျိုးမဟုတ်လား ကြယ်စင်ပြုံး…။

'ငါက အမှန်အတိုင်းပြောနေတာ၊ ငါခံစားနေရတဲ့ ငါ့အချစ်ဒုက္ခကြီးမားပုံကို သိလို့ပြောတာပါ'

'နင့်လိုပဲ ငါခံစားနေရတဲ့အချစ်ဒုက္ခက ပိုကြီးမားသေးတယ်၊ သိလား'

'ပြိုင်မလား၊ ငါ့ရင်ဘတ်ကို ခွဲကြည့်လိုက်'

ပြောရင်း အင်္ကျီကြယ်သီးကို ရုတ်တရက် ဖြုတ်ကာရင်ဘတ်ကို ဟပြလိုက်တယ်။

'လျှောက်ပြောမနေနဲ့၊ အပိုတွေ… လာ…'



www.burmeseclassic.com

www.burmeseclassic.com



နင်က ငါ့မျက်လုံးကို တစ်ချက်လှည့်ကြည့်ကာ ခေါ်တယ်။ ငါက နင့်ဘေးနားက ပြုံးကြောင်ကြောင်နဲ့ လိုက်လာရင်း နင့်ရဲ့ အိပ်မက်တစ်ခုထဲမှာ နှစ်ခြိုက်စွာနဲ့ အိပ်မောကျနေမိတယ်။ လှည်းတန်းက လူအရှင်းဆုံး ဆိုင်လေးတစ်ဆိုင်ထဲကို နင်က ဦးဆောင်ပြီး ဝင်တယ်။

ငါက နင့်နောက်က မယောင်မလည် ကြောင်ငေးငေး…။

'ထိုင်လေ'

ငါ့ကိုပြောရင်း နင်က အတွင်းကျကျ စားပွဲတစ်ခုမှာ ထိုင်တယ်။

'ဘာသောက်မလဲ'

'နင်သောက်တာပဲပေါ့'

'နင်ကြိုက်တာ နင်သောက်ပါ'

ဒီစကားကို ဘာကြောင့်ပြောမှန်း ငါသိတယ်။ ငါက အမြဲ တမ်းချိုပေါ့ကျသောက်နေကြမဟုတ်လား။

နို့မို့ကြောင့် နင်ကပြောတာ။

ဒါပေမဲ့ အခုတော့ နင်အကြိုက်တာ ငါကြိုက်ရတော့မယ့် အချစ်ရဲ့အသိစိတ်က တောက်ပနေပြီ။

'နင်ကြိုက်တာ ငါအကုန်ကြိုက်ပြီးသားပဲ'

'ဒါဆို ရေနွေးကြမ်းတစ်အိုးမှာလိုက်မယ်'

နင်က ငါ့မျက်နှာကို ပြုံးတေ့တေ့နဲ့ ကြည့်ကာ ခေါက်တယ်။ ငါကရယ်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲပါ… တစ်ခုခုမှာ…'

'ချစ်ပလာတာ နှစ်ပွဲ'

'ဟာ… ဘာဘဲ နင့်ဟာက'

ငါ့စကားအဆုံးမှာ နင့်မျက်လုံးပြူးကာ အံ့သြသွားတာကို တွေ့ရတယ်။

'အဲ… အင်း… ဟို… ပဲပလာတာနှစ်ပွဲပေးပါလို့ ပြောတာ၊ မှား… မှား… သွားလို့၊ ဟီး… ဟီး… ဟီး…'

ငါက ငါ့စကားကို ပြန်ပြင်ပြောရင်း သဘောကျကာ ရယ်မိတယ်။

'နင်ကတော့လေ လုပ်လိုက်ရင် ဟွန်း'

ငါ့စကားကြောင့် မျက်နှာလေးရဲခနဲဖြစ်ကာ နင်က ငါ့ကို စားပွဲအောက်ကနေပြီး ငါ့ပေါင်ကို ဆိတ်ဆွဲသတိပေးတယ်။

အသံတိတ် ငါ ငြိမ်ခံနေရတယ်။ နာလို့ ထအော်လိုက်ပြန်ရင် လည်း နင့်မျက်စောင်းဒဏ် ဆိတ်ဆွဲတဲ့ဒဏ်ခံရဖို့က အသင့်။

'ညဥ့်ယံဦး… ဒီလိုပဲ နင်ပေါက်ကရ ရွှတ်နောက်နေမှာလား၊ ငါပြောမယ့်စကား နားထောင်မှာလား ပြော'

ဒီတစ်ခါတော့ နင်က ငါ့ကိုမျက်မှောင်ကုတ်ကြည့်ကာ အတည်ပေါက်နဲ့ ဟောက်လိုက်တယ်။

'အေးပါဟာ နားထောင်ပါ့မယ်'

'အတည်ပြောနော်၊ မဟုတ်ရင်တော့ ထပြန်သွားမှာ၊ ငါက'

နင်နဲ့ငါပြောနေတုန်းမှာပဲ စောစောက ငါမှာထားတဲ့ ချစ်



www.burmeseclassic.com

www.burmeseclassic.com



ပလာတာ… အဲ… အင်း…ပဲပလာတာနှစ်ပွဲကို စားပွဲထိုးလေးက စားပွဲပေါ် လာချပေးသွားတယ်။

'အဲဒီလိုတော့ ဘုန်းမောင်တစ်ယောက်တည်း မထားခဲ့ပါနဲ့၊ ငါ့နှလုံးသားက သွေးနုနုသားနုနုမို့ပါ'

'လာပြန်ပြီလား'

စူးစိုက်ကြည့်လိုက်တဲ့ နင့်မျက်ဝန်းတွေထဲမှာ ငါမှုန်းကြပ်နေမိတယ်။

'မဟုတ်ဘူး၊ ငါတကယ်ပြောတာ၊ နင်ပြောမယ့်ဟာကိုသာ ပြော၊ မနှောက်တော့ဘူးဆိုတာ ငါ ကတိပေးပါတယ်ဟာ'

ငါက တိုးလျှိုးတောင်းပန်တဲ့ အကြည့်မျိုးနဲ့ နင့်ကို ချော့မော့ပြောတယ်။

'အင်း… ငါပြောမှာက တခြားတော့မဟုတ်ဘူး၊ ငါ့နှလုံးသားကိစ္စ'

စကားကို မဆက်သေးဘဲ နင်က ငါ့မျက်နှာကို အကဲခတ်သလို တစ်ချက်ကြည့်တယ်။ ငါက နင့်စကားကြောင့် စိုးရိမ်ကဲလွန်သွားတယ်။

'ဘာလဲ နင့်မှာ နှလုံးရောဂါဖြစ်နေလို့လား'

'နှောက်တာလား'

'မဟုတ်ဘူး စိုးရိမ်မိလို့'

'ထားပါတော့၊ ဒါဆိုလဲ အဲဒီ ငါ့နှလုံးသားကိစ္စက နင်ပြောတဲ့ နှလုံးရောဂါထက်ဆိုးဝါးတယ်၊ ဘာလို့လဲဆိုတော့ နင်



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိမှာပေါ့၊ ဆူးလေလမ်းမပေါ်မှာ တွေ့တုန်းကလေ၊ အဲဒီလူကြီး'

'အင်း… ဟိုလေ၊ နင့်ဖားသားကြီးလားလို့ ငါမေးတဲ့လူကြီးမဟုတ်လား'

နင်စဉ်းစားသလိုဖြစ်နေတုန်းမှာပဲ ငါက နင်ပြောမယ့်စကားကို ဖြည့်စွက်လိုက်တယ်။

'ဟုတ်တယ်၊ အဲဒီလူကြီးပဲ၊ သူက နင်ပြောသလို ငါ့ဖားသားကြီးမဟုတ်ဘူး။ ငါ့ဖားသားကြီးရဲ့ မိတ်ဆွေ၊ မိုးကုတ်ကကျောက်တွင်းပိုင်ရှင် သူဌေး၊ ငါတို့မိသားစုအတွက် ငွေရေးကြေးရေး လိုလေသေးမရှိ အစစအရာရာ ကူညီပေးနေတာ၊ အခုတော့ ငါ့ရဲ့အပျိုစင်အလှကိုကြည့်ပြီး ငါ့အဖေနဲ့အမေကို တောင်းဆိုလာတော့တာပေါ့ဟာ'

အာရုံစိုက်နားထောင်နေရင်း နင့်စကားရဲ့အရေးပါမှုကြောင့် ငါ့အချစ်ရဲ့ကံဆိုးမှုတွေက အားငယ်တုန်လှုပ်လာတယ်။

'ဘယ်လိုတောင်းဆိုတာလဲ'

ကမန်းကတန်းနဲ့ မေးလိုက်တော့ နင်က မျက်လွှာလေး ပင့်ကြည့်တယ်။

'ငါ့ကို သူနဲ့လက်ထပ်ပေးဖို့ပေါ့၊ ငါ့ကိုလည်း စိန်တစ်ဆင်စာ၊ တိုက်တစ်လုံး ကျောက်တွင်းတစ်တွင်း တင်တောင်းမယ်တဲ့ဟ၊ အဲဒါ ငါ့နှလုံးသားကိစ္စပဲ၊ ဘယ်သို့လုပ်ရမလဲ'



www.burmeseclassic.com

www.burmeseclassic.com



ညှိုးရော်စိတ်မကောင်းတဲ့ မျက်ဝန်းမှုန်ဝေဝေနဲ့ မော့ကြည့်ရင်း နင်ဟာ ငါ့ကို အကြဲတောင်းတယ်။

'နင်က ဘာယ်လိုလုပ်ချင်လဲ၊ အဲဒါ…'

နင့်စိတ်ခံစားမှုကို ငါက တူးဖော်ကြည့်မိတယ်။

'ဘာမှ ငါ ဝေခွဲစဉ်းစားလို့မရဘူး၊ အဲဒီထဲမှာ နင်လည်းပါတယ်'

ခေါင်းကိုမော့ကာ နားမလည်နိုင်တဲ့ အကြည့်နဲ့ နင့်ကိုကြည့်လိုက်မိတယ်။

'ငါလည်းပါတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ'

'ချစ်လို့ပေါ့ဟာ'

'ငါ့ကို'

'ဟုတ်တယ်'

'ဟား… အရမ်းပျော်တာပဲ၊ နင့်ရဲ့အချစ်ကို ခံရတဲ့နေ့မှာ ငါ့ရင်ဖျန်းခနဲ ကွဲချင်ကွဲပါရစေ၊ ငါပျော်တယ် ကြယ်စင်ပြုံး…'

ငါ့စိတ်အာရုံမှာ ငြိကပ်တွယ်နေတဲ့ ချစ်ခြင်းမေတ္တာရဲ့ ဆန့်ကျင်ဘက်ခံစားမှုအားလုံးကို ခါချပစ်လိုက်တယ်။

'အဲဒီအတိုင်းပဲ၊ နင့်ရင်ကွဲဖို့အသင့်ပြင်ထားတော့ ညဉ့်ယံဦး၊ သူက စာမေးပွဲဖြေပြီးတာနဲ့ ငါ့ကို လာခေါ်တော့မှာ၊ ငါလည်း စဉ်းစားပြီးမှ အားလုံးပဲ အားလုံးပဲ ဆုံးဖြတ်ရခက်နေမိတာ သိလား'



www.burmeseclassic.com

www.burmeseclassic.com



ငါ သိလိုက်ရတာကတော့ နင့်ကိုငါ အရမ်းချစ်တာပဲ ကြယ်စင်ပြုံး…။

သူ့လို စိန်တစ်ဆင်စာ မပေးနိုင်ဘူး။

တိုက်တစ်လုံး မပေးနိုင်ဘူး။

ကျောက်တွင်းတစ်တွင်းလည်း မပေးနိုင်ဘူး။

ဧဝရက်တောင်ကိုတော့ နင့်အတွက်ဆိုရင် ငါက ဟာနုမာရ်လို ပခုံးနဲ့ထမ်းပြီးရွှေ့ လာပေးနိုင်တယ် ကြယ်စင်ပြုံး…။

ဒါပေမဲ့ နင်နဲ့ပတ်သက်ရင် ငါ့အချစ်ရဲ့ကံဆိုးမှုတွေက ကမ္ဘာပေါ်မှာ အရှည်လျားဆုံးနိုင်းမြစ်လို ရှည်လျားလှပါလား ကြယ်စင်ပြုံး…။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆယ့်ငါး. . .

ကြယ်စင်ပြုံး. . .

နင့်ရဲ့အမည်လေးက ငါ့ကို စပျစ်ဝိုင်တစ်ခွက်လိုပဲ

ရီဝေစေခဲ့ပြီ။

နင့်အချစ်ကို ခံယူထားရတဲ့ အရသာကလည်း

မကျည်းသီးနဲ့ဆားကိုကြည့်ပြီး သွားရေကျနေရသလိုပဲ။

ဒီတစ်ခါတော့ ငါ့အချစ်စာမေးပွဲကို

အတိုချုံးဖြေရတော့မယ်. . .

ကြယ်စင်ပြုံး. . .။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## တစ်ဆယ့်ခြောက်. . .

'ဟော့ကောင်… ညဥ့်ယံဦး၊ ဝေါင်တောင်တောင်နဲ့ ဘာဖြစ်နေတာလဲ၊ စာမေးပွဲမဖြေနိုင်ဘူးလား၊ မဖြေနိုင်ရင်လည်း ငါတို့ဘေးနားက ကောင်မလေးတွေလို ကူးချကွာ၊ မဟုတ်ဘူးလား'

သူငယ်ချင်းစိန်တိုးက နောက်သလို ပြောင်သလိုနဲ့ ငါ့ကို အတည်ပေါက်နဲ့ပြောတယ်။

'မဟုတ်ဘူး'

'ဒါဖြင့် ဘာဖြစ်နေတာလဲ၊ မင်းမျက်နှာကြီးက ဂျီအီး မှားထားသလိုပဲ သုန်မှုန်လို့'

ငါ့ကိုကြည့်ပြီး သူငယ်ချင်းတွေက စိတ်မသက်မသာနဲ့ ဝိုင်းပြောကြတယ်။

'ဂျီအီးမှန်တာ မဟုတ်ဘူး ဟော့ကောင်တွေ၊ အချစ်အီးနေလို့ မရှုမလှဖြစ်နေရတာ'



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့ငြိမ်သက်နေရာက ငါ့နှလုံးသားဖိုင်တွဲကို ဆွဲဖွင့်ပြလိုက်တယ်။

'အချစ်အီးမှန်လို့ ဟုတ်လား ဟား… ဟား… ဟား…
ဂုယ်စရာကြီး အဓိပ္ပာယ်မရှိ'

ဒီကောင်တွေက ငါ့စကားကို ဝိုင်းဟားကြတယ်။ ဟာသလုပ်ကြတယ်။

'အဓိပ္ပာယ်ရှိလို့ ပြောတာပေါ့ကွ'

ငါက မျက်မှောင်ကုတ်ကာ ပြန်ပြောတယ်။

'ဒါဖြင့် မင်းအဓိပ္ပာယ်ဖွင့်ပြလေကွာ၊ ရှင်းအောင်'

ဒီမှာ ကြယ်စင်ပြုံး။ နင်နဲ့ပတ်သက်ပြီး ငါ့အချစ်ရဲ့ ကံဆိုးမှုတွေက ဒလဟောကြီး နိုင်းမြစ်လို အတားအဆီးမဲ့ စီးဆင်းသွားတော့တယ်။

'…………………………၊ အဲဒါကြောင့်ပဲကွာ၊ သိပြီလား'

ငါ့စကားဆုံးတော့ အားလုံးက မျက်လုံးပြူးအံ့သြသွားကြတယ်။

'ဟာ… ဒါဆို မင်းက ဒီအတိုင်းကြီးပဲ၊ အချစ်သူရဲကောင်းပီသစွာနဲ့ အသည်းကွဲခံလိုက်တော့မှာလား၊ ဒီမှာ အချစ်ဆိုတာရယူခြင်း၊ ပိုင်ဆိုင်ခြင်းပဲ ဖြစ်ရမယ်၊ အလကား စွန့်လွှတ်ခြင်းအနစ်နာခံခြင်းဆိုတာ ခပ်ညံ့ညံ့လူပျော့တွေရဲ့ ပျားရည်ဆမ်းချတဲ့စကား၊ ငါ ပြောမယ်'

'ဒီတော့… မင်းကလည်း သူ့ကိုမခွဲနိုင်ဘူး၊ သူကလည်း

www.burmeseclassic.com



မင်းကိုချစ်တယ်ဆိုရင် နိုးပြေးကွာ၊ အဲဒါ အရှင်းဆုံးပဲ၊ နောက် မှဖြစ်လာတဲ့ပြဿနာ နောက်မှရှင်း၊ ငါပြောတာ ဟုတ်တယ် မဟုတ်လား'

အောင်ကျော်မိုးက ငါ့အစွက် မခံချိမခံသာနဲ့ ဝင်ပြောတယ်။

'ဒီကောင်ပြောတာ မှန်တယ်'

တင်ဟိန်းထွန်းက ဒေါသတကြီးနဲ့ပြောတယ်။

'ငါလည်း စဉ်းစားထားတာပဲ၊ ဒါပေမဲ့ သူ့သဘောက ဘယ် လိုမှန်းမှ မသိရသေးတာ'

ငါက စိတ်ပျက်အားငယ်စွာနဲ့ ခေါင်းစိုက်ချကာ ပြောတယ်။

'ဒါဆိုလည်း အပြတ်မေးလိုက်လေကွာ၊ အသည်းကွဲရင် လည်း အရှင်လတ်လတ် အသည်းကွဲရအောင်'

'အသေချာဆုံးပဲ အဲဒါကတော့'

'ခုကတည်းက မင်း စိတ်ဓာတ်ကျနေပြီပွဲကွ၊ ဒီမှာ ငါပြော ပြမယ်၊ ရာမဇာတ်တော်ထဲမှာ မယ်သီတာကို ရယူဖို့အတွက် ရာမမင်းသားကလည်း ဗိုလ်ခြေတစ်ထောင်တင်တဲ့ လေးတော် ကို သူတစ်ယောက်တည်းတင်ခဲ့တယ်၊ ဒသဂီရိကလည်း မယ်သီတာကို ရယူဖို့အတွက် ပန်းရထားနဲ့ ခိုးယူခဲ့ဖူးတယ် ဆိုတော့ မင်းလည်း သူ့အချစ်ကို ရဖို့အတွက် တစ်ခုခုလုပ်၊ သူကလည်း တစ်ခုခုလုပ်မှာပဲ၊ မဟုတ်ဘူးလား'

ဒီကောင်တွေစကားကို ငါ စဉ်းစားကြည့်ရင်း ခေါင်းညိတ်မိ တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါပဲပေါ့ကွ ဟား… ဟား… ဟား'

ဒီကောင်တွေက ငါ့ကိုကြည့်ရင်း ကျေနပ်စွာ အားပေးရင်း ပြုံးတူရင် မောကြတယ်။ ဒါပေမဲ့ နင်နဲ့ပတ်သက်ရင် ငါ့အချစ်ရဲ့ ကံဆိုးမှုတွေက ဒဿဂီရိဖြစ်မလား။ ရာမမင်းသား ဖြစ်မလား။ ငါ့ နှလုံးသားကိုတော့ နင့်သံယောဇဉ်က ချည်နှောင်တုပ်ထားခဲ့ပြီ ကြွယ် စင်ပြုံးရေ…။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## တစ်ဆယ့်ခုနစ်. . .

'ကြယ်စင်ပြုံး. . . နင့်ကို ငါ အပြတ်မေးမယ်ဟာ၊ မှန်မှန်ဖြေ'

ရင်ထဲမှာ မွန်းကြပ်အုံ့ခဲနေတဲ့ ငါ့ခံစားမှုတွေကို ဆွဲဖွင့်လိုက်တယ်။

'ဘာကိုမှန်မှန်ဖြေရမှာလဲ ပြော'

'နင် ငါ့ကိုတကယ်ချစ်လား'

'ငါ စဉ်းစားပြီးသွားပြီပဲ'

'ငါလည်းနင့်ကို ဘယ်နည်းနဲ့မှ မခွဲနိုင်တော့ဘူး၊ ဒီတော့ ငါနဲ့ နိုးရာတစ်ခါတည်းလိုက်ခဲ့ဟာ'

ပြောရင်း ငါက ကြောင်ငေးကြည့်နေတဲ့ နင့်မျက်လုံးကို ကြည့်ရင်း နင့်လက်ကို ဖျတ်ခနဲ ကိုင်ဆုပ်ထားလိုက်မိတယ်။

'မဖြစ်ဘူး ညဥ့်ယံဦး၊ အဲဒီလိုတော့ မဖြစ်သေးဘူး'

နင်က ငါ့လက်ကို တွန်းဖယ်ကာ ငြင်းတယ်။

'ဘာဖြစ်လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



မေးရင်း ငါက မျက်နှာလေးကို တမင်ငယ်ထားတယ်။

'အဲဒီလို ငါလုပ်လိုက်ရင် ငါ့အမေကို တစ်ခါတည်းသတ်လိုက်သလို ဖြစ်သွားလိမ့်မယ်၊ ငါ့အမေမှာ နှလုံးရောဂါရှိတယ်ဟ၊ စိတ်ထိခိုက်ခံနိုင်မှာ မဟုတ်ဘူး၊ ပြီးတော့ ငါစာမေးပွဲပြီးရင် တစ်ခါတည်းလိုက်သွားဖို့အတွက် သူ့အမေကလည်း အိမ်မှာ ရောက်နေတယ်ဟ၊ စိတ်ရှုပ်စရာတွေချည်းပဲ တွေးလိုက်ရင်၊ အားလုံး...'

အချစ်ရဲ့ဒုက္ခနဲ့ သူ့ခ အကွာအဝေးမှာ နင့်အရိပ်အောက်က ငါ ထွက်သွားရတော့မှာလား။ အားငယ် ဝမ်းနည်းမှုတွေက ငါ့မျက်နှာပေါ် ရုတ်တရက်ခုန်တက်လာကြတယ်။

'ဒါဆို ငါ့အချစ်ရဲ့ ကံဆိုးမှုတွေပဲလို့ နားလည်ထားရတော့မှာပေါ့၊ ဟုတ်လား ကြယ်စင်ပြုံး'

'အဲဒီသဘောပဲရှိတော့တာပေါ့၊ အခုတော့...'

'ဒါပေမဲ့ ငါပြောမယ် ကြယ်စင်ပြုံး၊ ငါကတော့ နင့်အချစ်နဲ့ ပတ်သက်လာရင် စိတ်ကြမ်းကိုယ်ကြမ်းနဲ့ ယောက်ျားပီပီသသ သန်မာထွားကြိုင်းတဲ့ ပြင်သစ်စစ်သဘောကပ္ပတိန် ခရစ္စတိုဖီလိုပဲ သိလား၊ ဒါကလည်း ကမ္ဘာကျော် အချစ်ဇာတ်လမ်းတစ်ခုပဲ၊ ဆက်ပြောမယ်၊ သူဟာ သူ့ရဲ့ချစ်တဲ့ချစ်သူ ကွယ်လွန်အနိစ္စရောက်သွားတဲ့အခါမှာ ၂၃ နှစ်လုံးလုံး အမျိုးသမီးဝတ်စုံကို ဝတ်ဆင်ထားပြီး တစ်သက်လုံးနေခဲ့တယ်'

'အဲဒါ ဘာဖြစ်လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



နင်က ငါ့စကားကို နားမလည်ဟန်နဲ့ မေးတယ်။

'နားထောင်၊ ဆက်ပြောမယ်လေဟာ၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ခရစ္စတိုဖီအုပ်ချုပ်တဲ့ ပြင်သစ်တိုက်သင်္ဘောတစ်စင်းဟာ ပြင်သစ်အနောက်အင်ဒီးစ်ကစိန့်တီးသင်္ဘောဆိပ်မှာ တာဝန်အရ ဆိုက်ကပ်ထားတယ်၊ ဒီမှာ ခရစ္စတိုဖီဟာ အင်မတန်လှပတဲ့ ပြင်သစ်ဥယျာဉ်မှူးတစ်ယောက်ရဲ့နှမ ကရိုလိုင်းနဲ့ ချစ်ရေးငင်ခဲ့တယ်၊ နောက်တော့ သူတို့နှစ်ယောက်ဟာ ချစ်ခြင်းမေတ္တာကိုအရင်းခံပြီး ရာသက်ပန် မခွဲတမ်း စေ့စပ်ကြောင်းလမ်းလိုက်ကြတယ်'

'နောက်တော့ ဘာဖြစ်သွားလဲ'

နင်က ကြိုတင်သိချင်စိတ်စောကာ မေးတယ်။

'ပြောမယ်လေဟာ၊ အဲဒီလို စေ့စပ်ကြောင်းလမ်းလက်ထပ်ပြီးချိန်မှာပဲ စစ်မိန့်တရပ်က မမျှော်လင့်ဘဲ ခရစ္စတိုဖီဆီကို ရောက်လာတယ်၊ စစ်မိန့်အရ ခရစ္စတိုဖီဟာ စစ်စခန်းတစ်နေရာကို ရုတ်တရက် ထွက်ခွာသွားရတော့တယ်၊ အဲဒီလို စစ်ထွက်ချိန်တွေအတွင်းမှာပဲ ကံကြမ္မာဆိုးက ကြေကွဲဖွယ်ရာတစ်ခုကို ဖန်တီးလိုက်တယ်၊ အဲဒါက ဘာလဲဆိုတော့ ခရစ္စတိုဖီ စစ်မြေပြင်က ပြန်ရောက်လာတဲ့အခါမှာ ချစ်သူ ကလိုရိုင်းကိုယ်စား လောလောလတ်လတ် မြေမြှုပ်သင်္ဂြိုဟ်ထားတဲ့ မြေပုံကိုပဲ တွေ့လိုက်ရလို့၊ ဒီမှာ ခရစ္စတိုဖီဟာ ဆူကြီးရေ့ ပရိဒေဝသောကမီးတွေ တောက်လောင်ကျွမ်းပြီး ရုတ်သည်း



www.burmeseclassic.com

www.burmeseclassic.com



ပတ်ပေါင်းများစွာ သတိလစ်မေ့မျောကာ အချစ်ဆိပ်သင့်ရင်း အိပ်ရာထဲမှာ လဲခဲ့ရှာဘယ်၊ သူ ကျန်းမာလာတဲ့အခါမှာတော့ အလုပ်ဝတ္တရားကထွက်ပြီး ချစ်သူကို သတိအရကြီးရကာ ဘဝတစ်သက်တာမှာ အလွမ်းပြေဖို့အတွက် အစီအစဉ် တစ်ခုကိုပြုလုပ်ခဲ့တယ်၊ သူ့အဖို့ကတော့ သေသောသူ ကြာရင် မေ့ဆိုတဲ့စကားကို အဓိပ္ပာယ်မရှိဘူးလို့ပဲ ထင်ခဲ့တယ်လေ၊ နို့မို့ကြောင့် သူ့ရဲ့ဆုံးဖြတ်ချက်အတိုင်း ခရစ္စတိုဖီဟာ ယောက်ျားဆင်ယင်ထုံးဖွဲ့မှုကို လုံးဝပြောင်းလဲကာ သူ့ချမ်သူ အမြဲထာဝရဝတ်ဆင်တဲ့ အစိမ်းရောင်ပန်းပွင့်ဖော် ပါးပါးလွှာ လွှာအဖြူရောင်ပိုးဂါဝန်ကို ဝတ်ဆင်လေတော့တယ်'

'ခရစ္စတိုဖီဟာ ဘယ်ယောက်ျားမှ မပြုလုပ်ခဲ့ဘူးတဲ့ အကြံ အစည်ကို ရှာရှာဖွေဖွေ စဉ်းစားဆုံးဖြတ်ပြီး မိန်းမအဝတ် အထည်ကို ၂၃ နှစ်တိတိ ဝတ်ဆင်ပြီး ချစ်သူအပေါ်မှာ ချစ် သက်သေပြခဲ့တယ် ကြယ်စင်ပြုံး၊ အခု ငါကလည်း အဲဒီ လို...'

ငါ့စကားအဆုံးမှာတော့ နင်က မချိုပြုံးလေးကို နှုတ်ခမ်းပေါ် ဆွဲတင်ချိတ်ထားရင်း...

'သိပါတယ်၊ နင်က အဲဒီလိုဝတ်ဆင်ပြီး ရှောက်သီးဆေးပြား လိုက်ရောင်းမလို့ မဟုတ်လား၊ ဟင်း... ဟင်း... ဟင်း... မသိဘူး မထင်နဲ့ နင့်အကြံကို'

...လို့ ပြောလိုက်တဲ့ နင့်စကားလုံးတွေကြောင့် နင့်ကိုချစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေက ငါ့နှလုံးသားထဲမှာ အိပ်မက်လို မဖူးပွင့်နိုင်တော့ဘူး ကြယ်စင်ပြုံး…။

နင့်မျက်နှာပေါ်မှာပဲ ငါ့အလွမ်းတွေကို အခါခါ စိုက်ပျိုးထားမိတယ်။

ပြီးတော့… နင့်ရဲ့မျက်နှာကို မျှော်လင့်မှု ကုန်ဆုံးစွာ ငေးကြည့်နေရင်းက ခေါင်းငိုက်စိုက်ကျသွားတယ်။

'ငါသွားတော့မယ်ဟာ၊ နှုတ်ဆက်ခဲ့ပါတယ်၊ နင် ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ'

ဝမ်းနည်းခြင်း ကြေကွဲခြင်း အသိစိတ်နဲ့အတူ မွန်ထူကာ တစ်စုံတစ်ခုက ငါ့ရင်ထဲက ထိုးထောင်ထွက်လာရင်း လမ်းပေါ်မှာ ပြုတ်ကျကျန်ရစ်ခဲ့တဲ့ ပိုင်ရှင်မဲ့ နှင်းဆီပန်းတစ်ပွင့်ကို ခြေထောက်နဲ့ ပစ်ကန်လိုက်တယ်။

ဒီတစ်ခါတော့ နင့်ရဲ့အဝေးဆုံးလူတစ်ယောက်က ငါ ဖြစ်သွားပြီဆိုတာ ကျိန်းသေသွားပြီ ကြယ်စင်ပြုံး…။

နင့်နှလုံးသား ကျန်းမာရေးကောင်းမွန်ပါစေ…။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

'ဘယ်လိုလဲ ညဉ့်ဦးယံ၊ ဝက်ရူးပြန်နေပြီလားကွ'

စိန်တိုးနဲ့ တင်ဟိန်းထွန်းက ငါနဲ့နှင့်အကြောင်းကို သိပြီးတော့ နောက်ကြတယ်။ ငါက ငါ့နှလုံးသားကို ငါပြန်ငုံ့နမ်းရင်း…

'ငါ ဝက်ရူးပြန်နေတာမဟုတ်ဘူး၊ အချစ်ရူးပြန်နေတာကွ'

လို့ မအီမလည်မျက်နှာနဲ့ ပြန်ပြောလိုက်တယ်။

'ဒါဆိုရင် မင်းကိုတစ်ခုပြောမယ်၊ ငါပြောတဲ့အတိုင်း လုပ်မလား'

'အင်း… ပြောပါဦး၊ ဘယ်လိုလဲ'

'ဒီလိုလေကွာ၊ ဟို… အင်္ဂလန်ပြည်နယ် ဂရိတ်ကင်ဖီးလ်မြို့က ဂျိမ်းမေဆင်ခေါ်တဲ့ကောင်လေးတစ်ယောက်ဟာ ကောင်မလေးတစ်ယောက်ရဲ့ လှည့်စားမှုကြောင့် သူတော်ကောင်းတစ်ယောက် ဖြစ်သွားတဲ့အကြောင်းပဲ၊ အဲဒါက ဘယ်လိုလဲဆိုတော့ သူနဲ့တစ်မြို့တည်းနေတဲ့ ကောင်မလေးတစ်ယောက်ကို ရူးသွပ်အောင် ချစ်မက်တွယ်တာပြီး လက်ထပ်ခွင့်တောင်းတယ်၊ ဒီမှာ ကောင်မလေးက ဘာပြောလိုက်လဲဆိုတော့ သစ်တစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဝါးတစ်ပင်အောက်မှာ သူတော်ကောင်းတရား အားထုတ်နိုင်မှ လက်ထပ်မယ်လို့ပြောလိုက်တယ်ကွ၊ ဒီစကားကို ကြားတော့ ကောင်လေးဟာ ပထမတော့ ဝမ်းနည်းကြေကွဲသွားတာပေါ့၊ နောက်မှ ချစ်သူစကားကို မြေဝယ်မကျ နားမှာချိတ်ဆွဲထားပြီး ကောင်မလေးပြောတဲ့အတိုင်း သူတော်ကောင်းတရားကို အားထုတ်ရှာတယ်တဲ့ကွာ'

'ဟား... တော်တော့၊ ငါသဘောပေါက်သွားပြီ၊ မင်းက ငါ့ကိုလည်း ကတုံးတုံးပြီး ဘုန်းကြီးဝတ်ဖို့ပြောမလို့လား၊ ခွီးမှပဲ၊ အရေးထဲ...'

ဒီကောင့်စကားအဆုံးမှာ ငါက မကျေမနပ်တဲ့ မျက်နှာအမူအယာနဲ့ ပြောတယ်။ ဒီကောင်တွေက အလွမ်းနာကျနေတဲ့ ငါ့မျက်နှာကိုကြည့်ပြီး တခွီးခွီး တဟားဟားနဲ့ ရယ်နေကြတယ်။

'အလကားနောက်တာပါကွာ၊ ဒါလေးများ မင်းကလဲ'

စိန်တိုးက မျက်နှာကြောကို လျှော့ကာပြောတယ်။

'မင်းကလည်း နောက်မနေနဲ့၊ တိရစ္ဆာန်ရုံထဲမှာ စာရေးထားတာ တွေ့ဖူးတယ် မဟုတ်လား၊ တိရစ္ဆာန်တွေနဲ့ မစမနောက်ကြပါနဲ့ဆိုတာ'

တင်ဟိန်းထွန်းက ကြားကဖြတ်ပြီး အတည့်ပေါက်နဲ့ ထပ်နောက်တယ်။

'မင်းပြောမှပဲ လူစင်စစ်က ငါ့မှာ တိရစ္ဆာန်ဖြစ်ရတော့တယ်၊ ခွီးမှပဲ'



www.burmeseclassic.com

www.burmeseclassic.com



ငါက တင်ဟိန်းထွန်းမျက်နှာကို ငြူး ဖိပေါက်လိုက်တယ်။

'အေးပါကွာ၊ မနှောက်တော့ပါဘူး၊ ငါ အတည်ပြောပါ့မယ်၊ မင်း ခံစားနေရတဲ့ဝေဒနာကို မကြည့်ရက်လို့၊ ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတော့၊ အဲ··· သိပြီ၊ နတ်တင်ရမယ်'

'ဘယ်နတ်ကို တင်ရမှာလဲ'

ဒီကောင့်စကားကြောင့် ငါက အားတက်သရော ဖြစ်သွားတယ်။

'အချစ်အကြံပေးနတ်'

စိန်တိုးက ငါ့မျက်နှာကို စပ်ဖြီးဖြီးကြည့်ကာ ပြောတယ်။

'ဘယ်လိုတင်ရမှာလဲ'

'ကြက်ကောင်လုံးကြော်နဲ့ ဘီယာတစ်ဂျား၊ ဘယ်လိုလဲ ဖြစ်မလား'

'ဖြစ်တယ်'

'ဒါဆို လာ··· သွားမယ်၊ အချစ်အကြံပေးနတ်ကို သွားပင့်ကြမယ်၊ ပသကြမယ်'

'အိုကေ'

သူတို့နှစ်ယောက်က အတိုင်အဖောက်ညီညီနဲ့ ဝုန်းခနဲ ထိုင်ရာက ထလိုက်ကြတယ်။ ပြီးတော့ အချစ်အကြံပေးနတ်ကို ပသဖို့ အတွက် ရှမ်းရိုးရာကို ရောက်သွားကြရင်း အချစ်အကြံပေးနတ်ကိုပင့် ကာ ကြက်ကြော်နဲ့ ဘီယာကို ပူဇော်ပသကြတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်တော့ ငါ့အမူအရာတွေကို ကြည့်ပြီး အမေက မေးတယ်။

'အရက်သောက်လာတာလား' တဲ့။

ငါကလည်း အမှန်အတိုင်းပဲ ဝန်ခံလိုက်တယ်။ ဒီတော့ အမေက 'ဘာလို့အရက်တွေသောက်လာရတာလဲ' တဲ့။ ငါက စာမေးပွဲ ကျလို့ စိတ်ညစ်ပြီး သောက်လာတာလို့။

မယုံရင် ဟောဒီမှာကြည့်ဆိုပြီး နင်ကိုယ်တိုင် မင်နီကြက်ခြေ ခတ်ပေးလိုက်တဲ့ အချစ်စာမေးပွဲရဲ့ အဖြေလွှာ ငါ့နှလုံးသားစာမျက်နှာ ကို ပြဖို့အတွက် ရင်ဘတ်ကိုဆွဲဖွင့်လိုက်ရင်ပဲ···

'အမေ့အသည်းနှလုံးကိုယူကာ အပြေးလာခိုက်ဝယ် ခရီး လမ်းမ ဗွေအလယ် ခလုတ်ကန်သင်းတိုက်ကာလဲတယ်၊ အမေ့အသည်းနှလုံးက စကားပြောလာပြီကွယ်၊ သားလူလေး ဘယ်နားနာသွားသေးလဲတဲ့၊ အဲဒီလို ကျွန်တော့်ကိုလည်း မေး ပါဦးလား အမေရယ်' လို့ ငါက ရှုးကြောင်မူးကြောင်နဲ့ ပြော လိုက်တယ်။ ဒီမှာ အမေက ဘာပြောတယ် မှတ်လဲ။

'ငါ့သားတော့ သွေးရိုးသားရိုး မဟုတ်တော့ဘူးဟဲ့၊ ရှာသူ ပြုစားလိုက်ပြီနဲ့ တူတယ်'

ဆိုပြီး အမေကိုးကွယ်နေတဲ့ အထက်ပုဂ္ဂိုလ်ဆရာကြီးကို ပြေး ခေါ်ပင့်တော့တာပဲလေ။ မုတ်ဆိတ်ဖြူရှည်ရှည်၊ ပိတ်ဖြူစင်ကြယ်နဲ့ ကြိမ်လုံးကြီးကို ကိုင်လာတဲ့ အထက်ဆရာပုဂ္ဂိုလ်ကြီးလည်း ဝင်းခဲ့ တက်လာရော ဘာပြောကောင်းမလဲ ငါကလည်း ကြိမ်လုံးစာမိမှာ

www.burmeseclassic.com



ကြောက်တာနဲ့ ခြေဖဝါးနဲ့ တင်ပါးကို တိုင်ပင်ပြီး တစ်ချိုးတည်း မြေပြင်မှာ ခြေလျှင်ပြေးတော့တာပဲ ကြယ်စင်ပြုံး…။

ဟောဟဲ… ဟောပဲ… အဲဒီလိုမောနေတော့လည်း အခု တော့ ငါ့အတွက် နားခိုအပန်းဖြေစရာ နှင့်ရင်ခွင်ရိပ်လေးက ဘယ်မှာ မှ ရှာမတွေ့နိုင်တော့ပါလား ကြယ်စင်ပြုံးရေ…။

ပြီးပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ...
အချစ်ပို... အချိန်ပို...

သို့
အမေ
စိတ်ချယုံကြည်ရတဲ့ လူကြုံရှိတာနဲ့ ကြယ်စင်ပြုံးကို
တစ်ခါတည်းခေါ်လာဖို့ ကျွန်တော် အခေါ်လွှတ်လိုက်ပါတယ်။
အမေလည်း အေးအေးလူလူနေပြီး ရန်ကုန်မှာ ဘုရားစုံလိုက်ဖူး
လိုက်ပါဦး။
ကျွန်တော်နဲ့ ကြယ်စင်ပြုံးလည်း
လွတ်လွတ်လပ်လပ် တိုင်ပင်စရာတွေ ရှိသေးလို့ပါ။
(အစစအရာရာ စိတ်ချပါ)
*အမေ့ရဲ့သားကြီး*
*ဧယျာနေမင်း*



www.burmeseclassic.com

www.burmeseclassic.com



'ကြည့်စမ်း… ဟောဒီမှာ နှင့်စာရော ဒါ နှင့်အကြံအစည်တွေအကုန်ပဲလား ညည်းဟဲ့ဦး၊ ငါက ဟိုလူကြီး မိုးကုဝ်က ရေးပေး လိုက်တဲ့စာမှတ်လို့ ယုံကြည်ပြီး လိုက်လာခဲ့ရတာ၊ မိဘတွေကလည်း အဟုတ်မှတ်ပြီး ထည့်လိုက်တာ၊ အခုတော့ နှင်ဟာလေ… နှင်ဟာ တော်တော်ဉာဏ်များတာပဲ၊ သိလား'

မျက်စောင်းကို ဒိုင်းခနဲထိုးရင်း ငါ့ကျောကုန်းကို တဘုန်းဘုန်းနဲ့ မြည်အောင် မကျေမနပ်ထုတယ်။ ငါ့မျက်နှာမှာတော့ ရှက်ရွံ့စိတ်တွေနဲ့ပူထူလို့…။

'နှင်ပြောသမျှ ငါခံပါ့မယ် ကြယ်စင်ပြုံး၊ အခုလို ငါကြံစည်လိုက်ရတာကလည်း နှင်နဲ့ကွာဝေးရတာကို ကြောက်လို့ မခံစားနိုင်လို့ အခုလို စွန့်စွန့်စားစား လုပ်လိုက်ရတာပါ၊ ငါ့ကို ခွင့်မလွှတ်နိုင်ဘူးဆို ရင်လည်း နှင့်စိတ်ထဲမှာ ရှိတဲ့ ဒေါသတွေအတိုင်း တစ်ခါတည်း ငါ့ကိုအသေသတ်သွားတော့၊ ငါ လည်စင်းပေးပါတယ် ကြယ်စင်ပြုံး'

ပြောပြောဆိုဆို နှင့်ရှေ့မှာ ငါက ဒူးထောက်ခေါင်းငုံ့ပြီး လည်စင်းပေးထားမိတယ်။

'အဲဒီလောက်ထိ နှင့်ကို ငါမရက်စက်ဘူး၊ ဒါပေမဲ့ နှင့်ကြောင့် စိတ်မကောင်းဖြစ်ကြမှာ၊ အားလုံးပဲ၊ အဲဒါကိုပဲ တွေးပြီး ငါမကျေ မနပ်ဖြစ်နေမိတာ ညည်းဟဲ့ဦး'



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းက ပင့်သက်မောလေးကို သိသိသာသာနင်က ရှိုက်ချလိုက်တယ်။

'ငါ ဝန်ခံထားပြီးပြီပဲ၊ နင့်ကိုမခွဲရက်နိုင်လို့ အသည်းကွဲလည်း မခံနိုင်လို့၊ အဲဒါ ကျေနပ်ပါတော့ ကြယ်စင်ပြုံးရယ်၊ ငါ့အတွက်ကြောင့် စိတ်မကောင်းဖြစ်ရတယ် ဆိုရင်လည်း အားလုံးကို လိုက်ပြီး ငါတောင်းပန်ပေးပါ့မယ်၊ ကန်တော့ပါ့မယ်'

'လွယ်လွယ်လေး၊ နင်ပြောပုံက…'

'ဒါပဲ ရှိတော့တာပဲ'

'ဒါနဲ့ နေပါဦး၊ ငါ့ဆီကို စာပေးပြီး အခေါ်လွှတ်လိုက်တဲ့သူက ဘယ်သူလဲ'

'ဒါလား၊ ငါ့သူငယ်ချင်း တင်ဟိန်းထွန်းရဲ့အဖေ'

'ဘာ…၊ နင့်သူငယ်ချင်းအဖေ၊ ဟုတ်လား၊ အသက်ကြီးမှ ဒါမျိုး…'

'ဟုတ်တယ်၊ သူ့အဖေက ဒါမျိုးဆို အရမ်းဝါသနာပါတာပဲတဲ့၊ ဒါနဲ့ ငါ့ကို သနားပြီး ကူညီပေးတာပဲ၊ အများကြီးကျေးဇူးတင်ဖို့ကောင်းတာပဲနော်'

ငါက နင့်မျက်နှာလေးကို စူးစိုက်ကြည့်ကာ ပြောတယ်။ ပြီးတော့ တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ကာ မျက်ဝန်းချင်း မခွဲခွာကြတော့…။

'သိပ်တတ်တာပဲ… ဒါမျိုးကျတော့'

www.burmeseclassic.com

www.burmeseclassic.com



'နှင့်အချစ်က သင်ထားပေးတာလေ'

'ဘယ်လို သင်ထားပေးလို့လဲ'

'ပြောပြရမလား'

'အင်း…'

'ပထမသင်ရိုးညွှန်းတမ်းအဖြစ် ဟောဒီနဖူးလေးကို နမ်းတဲ့'

'ကြည့်စမ်း…'

'ဒုတိယအဖြစ် ဟောဒီ နှုတ်ခမ်းလေးကို နမ်းတဲ့'

'ဟော… ပြောလို့မရဘူးလား'

'တတိယအဖြစ် ဟောဒီ…'

'ကဲ… မှတ်ထား၊ မှတ်ထား၊ ဟောဒီလို…'

ဘာမှ ငါမလုပ်ရသေးခင်မှာပဲ နှင်က ငါ့ဗိုက်ခေါက်ကို လိမ်ဆွဲလိုက်တယ်။

'အား… လား… လား… နာတယ်… လွှတ်…'

ငါက ရယ်ရင်း နှင့်လက်လေးကို ဆုပ်ကိုင်ထားတယ်။ နှင့်လက်ရဲ့ နွေးထွေးမှုအရသာက ငါ့လက်ချောင်းတွေက တစ်ဆင့် နှလုံးသားထဲထိ စိမ့်ပျံ့စီးဝင်လာတယ်။

ငါ့အမှားအမှန်ထက် နှင့်ချစ်စိတ်က ငါ့ဘက်ကို မျက်နှာမူလာတယ်။

တစ်ယောက်မျက်နှာကို တစ်ယောက်ကြည်နူးစွာ ကြည့်ရင်း ရှက်စိတ်တွေက ဟိုဟိုဒီဒီ တစ်ကိုယ်လုံးနှံ့ပျံ့နေဆဲမှာ…



www.burmeseclassic.com

www.burmeseclassic.com



'ဟေး… ပျော်စရာကြီး၊ တို့လည်းချစ်မယ်၊ ချန်မထားနဲ့'

ဆိုပြီး စပ်ဖြဲဖြဲ မျက်နှာနဲ့ မျက်လုံးခြောက်လုံးက ထရံပေါက်တွေကြားက ခုန်ချလာကြတယ်။

ငါ သိလိုက်ပြီ။

'ဟာ… စိန်တိုး၊ အောင်မိုးနဲ့ တင်ဟိန်းထွန်းပါလား'

'သွားကြ၊ သွားကြ၊ မင်းတို့အတွက် ချစ်စရာမရှိဘူး၊ ချန်ထားစရာမလိုဘူး၊ သွားကြ…'

ပြောရင်း ကမန်းကတန်းနဲ့ အနားမှာ ထောင်ထားတဲ့ တံမြက်စည်းတစ်ချောင်းကိုကောက်ကိုင်ရင်း သူတို့ကို ရိုက်ဖို့ပြင်လိုက်တော့…

'လုပ်မနေပါနဲ့'

လှမ်းကြည့်ကာ ပြောလိုက်တဲ့ နင့်အချစ်ရဲ့ ညို့မျက်ဝန်းတွေထဲက ငါရုန်းမထွက်နိုင်တော့ဘူး ကြယ်စင်ပြုံး…။

နို့မို့ကြောင့်လည်း မှတ်မှတ်ရရ အဲဒီနေ့ကစပြီး ငါ့အချစ်ရဲ့ ကံဆိုးမှုတွေကို နင့်ရင်ခွင်ထဲမှာပဲ လှပ နူးညံ့ ကြည်နူးစွာနဲ့ မြေမြှုပ်သင်္ဂြိုဟ်ပစ်လိုက်မိတော့တယ်။

ငါ့ရဲ့ အချစ်မီးလျှံတွေဟာ တဖျပ်ဖျပ်လှုပ်ခတ် ဘယ်လောက်များပျော်စရာကောင်းလှပါသလဲ ကြယ်စင်ပြုံး…။

ကြယ်စင်ပြုံး…

နင့်ရဲ့မျက်နှာပေါ်မှာ ငါ့အချစ်စိတ်တွေ တူတူပုန်းတမ်းနေမိတာ ဘယ်လောက်ကြာသွားမှန်း မသိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ငါ့အိပ်ရာက နိုးထလာတော့ ကမ္ဘာပေါ်မှာရှိတဲ့ ပန်းတွေအားလုံး တောင်ပံတွေဖွင့်ပြီး လှလှပပကြီး ပွင့်လာကြတယ်။

ဘယ်လောက်၊ ကြည်နူးလှပရှင်းသန့်လဲ ကြယ်စင်ပြုံးရယ်။

*လေးစားကြိုးစားစွာဖြင့်…*

ချစ်မျှားရှင်

www.burmeseclassic.com